အောင်သင်း

# သူတို့အလွမ်း ကျွန်တော်တို့အလှ

**ငှန်ပွင့် စာအုပ်တိုက်**

အမှတ် 77-D၊ ဓမ္မပါလလမ်း
ပဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း — ၅၄၃၈၃၆

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သူတို့အလွမ်း
# ကျွန်တော်တို့အလှ

အောင်သင်း

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၇၇၂/၂၀၀၄(၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၈၈၉ /၂၀၀၄(၁၀)

ထုတ်ဝေသူ

ဒေါ်ဝင်းမာတင်(မြ-၀၃၇၃၇)၊ ရွှန်းမှုင်စာပေ

အမှတ်-၇၇/(D)၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးတင်အလွင်(ရွှေယာသာအော့ဖ်စက်)

အမှတ်(၃၁)၊ ဦးရွှေဂွန်းလမ်းတို၊ ပုဇွန်တောင်။

အတွင်းဖလင်

ကိုဦးနှင့်ညီများ

မျက်နှာဖုံးဒီဇိုင်း

ကိုဆန်း

ကွန်ပျူတာစာစီ

နှင်းနှင်း(ရွှန်းမှုင်)

စာအုပ်ချုပ်

စိန်ကြည်(ဗိုလ်အောင်ကျော်)

အုပ်ရေ

၅၀၀ (အောက်တိုဘာလ၊ ၂၀၀၄)

တန်ဖိုး

၁၀၀၀ ကျပ်

ဖြန့်ချိရေး

ရွှန်းမှုင်စာအုပ်တိုက်

အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၄၃၈၃၆

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

၁၉၂၇ ❖ ၁၉၂၇ ဧပြီလ ၁၇ ရက်နေ့တွင် တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်၌ သခင်ညီမောင်နှင့် ဒေါ်ရွှေကြင်တို့၏ သား သမီးသုံးယောက်အနက် အကြီးဆုံး ဖြစ်သည်။

၁၉၃၂ ❖ မူလတန်းကို တောင်ပြင်ရပ်၌ ဆရာဦးသာခွန်းစံ၏ကျောင်း တွင် စာစသင်သည်။ စတုတ္ထတန်း အောင်ပြီးနောက် တောင်တွင်းကြီးမြို့ မိုးထိ မြန်မာစာအထက်တန်းကျောင်း၌ အလယ်တန်းပညာ သင်သည်။

၁၉၃၈ ❖ သပိတ်နှင့်ကြုံသည်။ မိခင်ကွယ်လွန်သည်။

၁၉၄၁ ❖ ရှင်သာမဏေဝတ်သည်။ သာမဏေဘဝနှင့် ပညာသင်စဉ် ဒုတိယကမ္ဘာစစ်ဖြစ်၍ သာမဏေမှထွက်သည်။

၁၉၄၇ ❖ ပြည်သူ့ရဲဘော်တပ်ဖွဲ့သို့ ဝင်ခဲ့သည်။ ဆိုရှယ်လစ်ပါတီတွင် သင်တန်းများတက်၍ ခရိုင်စည်းရုံးရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၄၉ ❖ ရောင်စုံသူပုန် ပေါ်ပေါက်လာ၍ ရဲဘော်ဖြူ၏ဖမ်းဆီးခြင်း ခံရပြီး မကွေးထောင်၊ တောင်တွင်းကြီးထောင်၊ ပြည်ထောင်၊ သရက်ထောင်တွင် နေခဲ့ရသည်။

၁၉၅၂ ❖ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။

၁၉၅၃ ❖ အောက်တိုဘာလတွင် မိုးထိ အ.လ.က၌ အလယ်တန်းပြဆရာ အဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၆ ❖ အလုပ်မှထွက်၍ မကွေးကောလိပ်၌ ဥပစာဝိဇ္ဇာတန်း စတင်တက်သည်။

၁၉၅၈ ◆ ရန်ကုန်တက္ကသိုလ် တက်ခဲ့သည်။ မေ ၂၉ တွင် ဒေါ်တင်တင်ကြိုင်နှင့် အိမ်ထောင်ပြုခဲ့သည်။

၁၉၆၀ ◆ ဝိဇ္ဇာတန်းအောင်သည်။

၁၉၆၁ ◆ မဟာဝိဇ္ဇာ အရည်အချင်းစစ် သင်တန်း ဝင်ခွင့်စာမေးပွဲ အောင်မြင်ခဲ့သည်။

၁၉၆၂ ◆ ရန်ကုန်တက္ကသိုလ်၌ နည်းပြဖြစ်သည်။

၁၉၆၃ ◆ မော်လမြိုင် ဒီဂရီကောလိပ်သို့ ပြောင်းရွှေ့ရသည်။

၁၉၆၅ ◆ ပြင်ဦးလွင် စစ်တက္ကသိုလ် မြန်မာစာဌာနတွင် လက်ထောက်ကထိကအဖြစ် ထမ်းဆောင်ခဲ့သည်။

၁၉၇၀ ◆ ရန်ကုန်တက္ကသိုလ် ပြန်ပြောင်းသည်။ မဟာဝိဇ္ဇာတန်း တက်ရောက် သင်ကြားခဲ့သည်။

၁၉၇၄ ◆ ဝတ္ထုတို လေ့လာချက်စာတမ်း ပြုစုပြီး မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အောင်မြင်သည်။

၁၉၇၉ခုနှစ်နောက်ပိုင်း ◆ အလွတ်နည်းပြတန်းများတွင် မြန်မာစာ သင်ပေးခြင်း၊ စာပေရေးသားခြင်းနှင့် အသက်မွေးခဲ့သည်။ ယနေ့ထိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မိကဝတီလမ်း၊ အိမ်အမှတ် ၄၆ တွင် ဇနီးဖြစ်သူ ဒေါ်တင်တင်ကြိုင်၊ သားသမီး၊ မြေးများနှင့်အတူ ချမ်းမြေ့စွာနေထိုင်ပြီး စာသင်ပေးခြင်း၊ စာရေးခြင်း၊ စာပေဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို လုပ်ကိုင်လျက်ရှိသည်။

# အောင်သင်း၏ အမှာစကား

ကျွန်တော်၏ ဆောင်းပါးများကို စုစည်းထုတ်ဝေသည့် စာအုပ် အတော်များခဲ့ပါပြီ။ ထိုစာအုပ်တိုင်းတွင် အမှာစကား ကို ပါးခဲ့လိမ့်ရှိသည်။ သို့ရာတွင် ဤစာအုပ်၏အမှာစကား ရေးရ သလောက် ဝန်လေးခြင်း တစ်ခါမျှ မရှိခဲ့ဘူးပါ။ အကြောင်းမှာ ဆောင်းပါးများကို ကျေနပ်ပါသော်လည်း စာတစ်အုပ်အဖြစ် အားမလိုအားမရ ဖြစ်မိပါသည်။

ပထမ စုစည်းစဉ်က စာအုပ်တစ်အုပ်အဖြစ် ကျေနပ် လောက်အောင် "ဖွန်ပွင့်"က စုစည်းပေးခဲ့ရှာပါသည်။ သက် ဆိုင်ရာ စိစစ်ရေး စသည်တို့၌လည်း ချောမောခဲ့ပါသည်။ သို့ သော် အားလုံးကို ပြန်ဖတ်ကြည့်လိုက်သောအခါ အချို့ ဆောင်းပါးများကို ကျွန်တော်ကိုယ်တိုင် အားရကျေနပ်ခြင်း မရှိ ပါ။ ထို့ကြောင့် ဤစာအုပ်ကို ထုတ်လိုခြင်း မရှိတော့ပြီဟု ကျွန် တော် ကိုယ်တိုင်က ငြင်းပယ်ခဲ့ပါသည်။ သို့သော် "ဖွန်ပွင့်"က ဆန်စင်ရာ ကျည်ပွေ့လိုက်သလို ဟိုဟိုဒီဒီမှာ ရှာဖွေစုဆောင်း ထားသော ကျွန်တော့်ဆောင်းပါးတွေကို နှမြောနေသောကြောင့် ထုတ်ပါရစေဟု အထပ်ထပ် ပြောလာပြန်သည်။

သို့နှင့်ပင် ကျွန်တော်ကိုယ်တိုင် စိတ်တိုင်းမကျသော ဆောင်းပါးများကို ဖြုတ်ချလျှက် ကျန်သမျှဆောင်းပါးလေးများ

ကို စုစည်းထုတ်ဝေရန် ခွင့်ပြုလိုက်ပါသည်။ အားမရ၍ ဖြုတ်ချလိုက်ရသော ဆောင်းပါးများကို နှမြောပါသော်လည်း ပြန်လည်မွမ်းမံ၍ တစ်နေ့တွင် ပြန်လည်ဖော်ပြအုံးမည်ဟု အားခဲထားလိုက်ပါသည်။

ထို့ကြောင့် ဤစာအုပ်မှာ စာတစ်အုပ်အနေနှင့် ထည်ထည်ဝါဝါ မရှိနိုင်သည့်အတွက် စာအုပ်ဝယ်သူအား အားနာမိသည်မှာ အမှန်ဖြစ်ပါသည်။ သို့သော် ဆောင်းပါးတိုင်းသည် ကိုယ်စီကိုယ်ငှစွမ်းအား ပြလိမ့်မည်ဟုလည်း ယုံကြည်နေမိပါသည်။ စာဖတ်သူအတွက် အတွေးဆကို ထုတ်ဖော်ပေးလျက် ယုတ်စွအဆုံး အပြင်းပြေစေလိမ့်မည်ဟု မျှော်လင့်ပါသည်။

စာဖတ်သူကို အားနာနေသော . . . .

အောင်သင်း

၃-၁၀-၂၀၀၄

# မာတိကာ


၁။ သူတို့အလွမ်း ကျွန်တော်တို့အလှ ၁

၂။ မရေးရဲကြသူများ ၁၆

၃။ မိဘပေးသောအမွေ ၃၄

၄။ အတွေ့နှင့်အတွေး(ပေါင်းချိန်ကိုချိန်ကြည့်တော့) ၄၅

၅။ အပျင်းထူတဲ့အရသာ ၅၀

၆။ ဖတ်ဖို့ကျင့်ဖို့ ၆၁

၇။ ကျွန်တော် ဒါရိုက်တာ ၇၀

၈။ ဘဝတန်ကြေး ၈၈

၉။ ကျားရဲ့အား ၁၀၄

## သူတို့အလွမ်း ကျွန်တော်တို့အလှ

"နှုတ်ချို သျှိုတပါး"ဟူသော ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော်ရေးခဲ့ဖူးပါသည်။ အသံရောအနက်ပါ ချိုမြသည့် ကဗျာများကို ဖတ်ရသည့်အခါ ချိုမြလှသောကြောင့် နှုတ်တွင်စွဲလွယ်ပါသည်။ ထိုကဲ့သို့ နှုတ်တွင် စွဲလာသောကဗျာတို့ကို မကြာခဏ အမှတ်မထင် ရွတ်ဆိုမြည်တမ်းမိသောကြောင့် စာဆိုနှင့်ပို၍ ရင်းနှီးလာသကဲ့သို့ ရှိရတတ်ပါသည်။ ဤသို့ဖြင့် ယခင်က မရခဲ့သော အတွေး၊ ယခင်က မပေါ်ခဲ့ဖူးသော ခံစားမှုများကို ရလာတတ်သည်။ စာဆို၏ ဝေဒနာကို ပိုမိုဝေမျှ၍ ခံစားမိလာတတ်သည်။ ထို့ကြောင့် အသံချိုမြခြင်းသည် ကဗျာကောင်းတို့၏

ဂုဏ်တစ်ပါးဟူသော အဓိပ္ပာယ်ဖြင့် ထိုဆောင်းပါးကို ရေးခဲ့ပါသည်။

ကျွန်တော်တို့ ဥပစာတန်းအောင်ပြီး၍ ဝိဇ္ဇာပထမနှစ် (ယခုဝိဇ္ဇာတတိယနှစ်)သို့ တက်ရသောအခါ ရှင်မဟာရဋ္ဌသာရ၏ ကဗျာများ လေ့လာခဲ့ရပါသည်။ ထိုစဉ်ကတည်းကပင် **'ပုရေ နိသင်'** ချီကဗျာကို နှစ်သက်စွဲလမ်းခဲ့မိပါသည်။ ထိုကဗျာ၏ အပိုင်းအစတို့မှာလည်း ကျွန်တော့်နှုတ်တွင် စွဲခဲ့ပါသည်။

ယခုတဖန် တက္ကသိုလ်ဒုတိယနှစ်တွင် ပြဋ္ဌာန်းသောကြောင့် ထိုကဗျာကိုတွေ့ပြန်၍ ဖတ်မိရွတ်မိပြန်ပါသည်။ ထိုသို့ ရွတ်ရင်းဖတ်ရင်း ရလာသော ကျွန်တော်၏အသစ်အသစ်သော ခံစားမှုလေးများကို တင်ပြလို၍ ဤဆောင်းပါးကို ရေးမိပါသည်။

**ဆရာမိဘ၊ ကွပ်ဆုံးမလည်း**

ပုရေနိသင်၊ ဆက်တိုင်းကြင်၍၊
အိမ့်ရှင်အစစ်၊ ငယ်ကျွမ်းချစ်နှင့်
ထပ်ရစ်လက်သင်၊ ထုံးစတွင်၍၊
သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်၊
ဆရာမိဘ၊ ကွပ်ဆုံးမလည်း၊
ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု၊
သန်းခေါင်မဟူ၊ အတူယှဉ်နွဲ၊

သန်းလွဲမခန့်၊ အသက်စွန့်၍၊
ဝေးစွန့်ခရီး၊ ချုကြီးတောစုံ၊
ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို၊
မတွေးဆံဖျား၊ မလေးစားတည့်။

ဤအပိုင်းတွင် 'ဆရာမိဘ၊ ကွပ်ဆုံးမလည်း'ဟူသော စကားကို ကျွန်တော်စိတ်ဝင်စားမိပါသည်။ ဆရာမိဘတို့၏ ဆုံးမခြင်းမှာ သာမန်အားဖြင့် နှစ်မျိုးရှိနိုင်ပါသည်။ မပြုသင့်မပြုထိုက်သည့် သဘောကို သိသာအောင် ယေဘုယျဆုံးမနည်းမျိုးနှင့် တစ်စုံတစ်ခုဖြစ်သောအပြစ်ကို ပြုမူနေ၍ တားမြစ်ဆုံးမနည်းမျိုး ဖြစ်ပါသည်။ ရှင်မဟာရဋ္ဌသာရလောင်းလျာ မောင်မောက်မှာ အသက် ၁၆-၁၇ သို့တိုင်အောင် လူဝတ်ကြောင်ဘဝဖြင့်သာ နေခဲ့သည်။ ငယ်စဉ်ကပင် 'ဝဏ္ဏပဘာ'ဟု သူခေါ်တမ်းခဲ့သော လုံမငယ်နှင့် ရင်းနှီးချစ်ကြင်ခဲ့သည်။ ဆံထုံးကလေးကို 'လက်သင်ထုံး'စကပင် ချစ်ခင်ခဲ့ရသောကြောင့် တွယ်တာမှုလည်း ကြီးမားခဲ့သည်။

စာတော်သော ဉာဏ်ထက်သော တပည့်ဖြစ်၍ ဆရာတော်ကလည်း ရဟန်းဘောင်သို့ ဝင်စေချင်လိမ့်မည်။ မိဘများကလည်း ထိုအဖြစ်ကို လိုလားလိမ့်မည်။ မောင်မောက်ကလည်း ရဟန်းဘောင်သို့ဝင်ရန် စိတ်ကူးမရှိသောကြောင့် သာမဏေပင်မပြုဘဲ လူဝတ်ကြောင်နှင့်နေသည်။ ထို့ကြောင့် ဆရာများ၊ မိဘများက လုံမငယ်နှင့်ချစ်ရေးအတွက် ဆုံးမတားမြစ်ကြသည်။

သို့သော် မောင်မောက်ကမူကား ချစ်သူရှိရာသို့ ဘာအန္တရာယ်ကိုမှ ဂရုမပြုဘဲ သွားမြဲသွားနေပါလိမ့်မည်။

ချစ်ရဲသည်၊ စွန့်ရဲသည်၊
ဤသို့လျှင် သဘောထားခဲ့သည်။

**ကြေးရွှေဂဟော၊ မစပ်ချေသို့**

ယခုသော်ကား ပဥ္စင်းဘဝသို့ ရောက်ခဲ့ပြီ။ ဘုရားမြတ်ရှင်၏ အဆုံးအမဖြစ်သော ကျမ်းဓမ္မကွန်ကိုလည်း သင်ယူတတ်ပွန်ရပေပြီ။ ပြန်၍စဉ်းစားလိုက်သောအခါ မိမိ၏ငယ်မူငယ်ရာတို့ကို **သံဝေဂပင်** ယူမိသည်။

တရားသံဝေ၊ အောက်မေ့ချေသော်၊
ကြေးရွှေဂဟော၊ မစပ်ချေသို့၊
စာပေတတ်ပွန်၊ ဓမ္မကွန်နှင့်၊
ကျမ်းဂန်သိမြောက်၊ ပဥ္စင်းရောက်က၊
ထပ်လျောက်ကြင်ဘွယ်၊ ရှေးသောနှယ်ကိုး၊
အဘယ်ကြိုးရှာပေတော့မည်။

ပဥ္စင်းပျို ရှင်မဟာရဋ္ဌသာရ၏ ဘဝအသိဘဝအမြင်ပြောင်းခဲ့ပါလေပြီ။ ဝဏ္ဏပဘာနှင့် သူ၏ဘဝသည် ကြေးနှင့်ရွှေကဲ့သို့ ကွာခြားခဲ့လေပြီ။ ဂဟောစပ်၍ မရစကောင်းပြီ။ ထို့ကြောင့် ရှေးကကဲ့သို့ ချစ်ခင်ကြင်နာကြရန် မဖြစ်နိုင်ကြလေပြီ။

မူလသိက္ခာ၊ ဆုံးမစာနှင့်

လှူမြေတိတွင်၊ ဘက်မမြင်သား။
သန့်စင်ငယ်က၊ လက်တော်လှနှင့်၊
ချိန်ချစေရေ၊ မှာစာခွေကို၊
စသေလိပ်ပြီး၊ ခင်နှီးကွက်ကျယ်၊
ပြောက်မျိုးခြယ်၍၊ ဆင်စွယ်ဝန်းယှက်၊
မွေးမယ်ရက်သည်၊ အသက်တို့က၊
ဆက်လှာရသား၊ မူလသိက္ခာ၊
ဆုံးမစာနှင့်၊ ငါးဖြာဝိနည်း၊
စောင့်စည်းပညတ်၊ အပ်တိတသွား၊
တဆံဖျားမျှ၊ မမှားအာရုံ

ရှေးခေတ်ကသော် စာကိုထန်းဖူး၊ ပေဖူးတို့တွင် ရေးကြရသည်။ ထိုထန်းရွက်၊ ပေရွက်ကို လိပ်ခွေပြီး ပေးကြရသည်။ ချစ်သူက မည်သည့်အချိန် လာပါမည့်အကြောင်း စေ့စပ်တိကျစွာ ရေးပြီး မှာစာပါးခဲ့ဖူးသည်။ ထိုသို့ငယ်စဉ်ကပေးခဲ့သည့် သေသပ်ကျနစွာ လိပ်ခွေထားသော ပေရွက်ငယ်ကို ပြန်လည်ကြည့်ရှုမိဟန်လည်း ရှိပါမည်။

ထိုမျှမက ချစ်သူကိုယ်တိုင်ရက်လုပ်၍ပေးခဲ့သော ခင်းနှီး (ယခုအခေါ် နေရာထိုင်)ကလေးကိုလည်း မြင်မိရှာပါလိမ့်မည်။ ပြန်လည်သတိရမိပါ၏။ တမ်းတမိပါ၏။

နှင်းမှုင်စာအုပ်တိုက်

ဝဏ္ဏပဘာအပေါ် သစ္စာရှိပါ၏။ သို့သော် ဘုရားရှင်၏ ဝိနည်းတော်ကို ပို၍သစ္စာကြီးရပါတော့မည်။

ရဟန်းတော်တို့အဖို့ ဝိနည်းသင်အံလေ့ကျင့်မှုအစဉ်မှာ ဤသို့ဖြစ်ပါသည်။

ပထမဦးစွာ ဘိက္ခုပါတိမောက် (ရဟန်း ယောကျ်ား ကျင့်ဝတ်) ဘိက္ခုနီပါတိမောက် (ရဟန်း မိန်းမ ကျင့်ဝတ်)တို့ကို သင်အံရပါသည်။ ယင်းကျမ်းနှစ်ဆူမှာ ဝိနည်းနှစ်ကျမ်းလာ ဥပဒေသက်သက်များကိုသာ ထုတ်နှုတ်စီရင်သောကြောင့် ဒွေးမာတိကာ ဟုလည်း ခေါ်ကြသည်။ (ယခုခေတ်တွင် ပါတိမောက် အဖြူအနီဟူလည်း ခေါ်ကြပါသည်။)

ပါတိမောက်ပြီးလျှင် ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာကို တဆင့်တက်ပြီး လေ့ကျင့်ရသည်။ ပြီးလျှင် ကင်္ခါကို တက်ကြရသည်။ ထိုခုဒ္ဒသိက္ခာ၊ မူလသိက္ခာနှင့် ကင်္ခါတို့ကို 'ခါ၊ သုံးခါ' ဟု ရဟန်းတော်များ ပြောလေ့ရှိကြပါသည်။

ပါတိမောက်တွင်ပါသော ဥပဒေတော်အကျဉ်းကို ခုဒ္ဒသိက္ခာတွင် ထပ်ပြီး အသေးစိတ် ရှင်းပြပါသည်။ တဖန် မူလသိက္ခာတွင် တဆင့်တိုး၍ အချို့အပိုင်းများကို အသေးစိတ် ရှင်းဖွင့် ပြန်ပါသည်။

ထို့နောက်တွင်ကား ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝ ဟူသော ဝိနည်းကျမ်း ငါးကျမ်းကို သင်ယူရသည်။

ထိုကျမ်းများတွင်ကား ဝိနည်းဥပဒေဟို့ကို သမိုင်းကြောင်းပါ အသေးစိတ် လေ့လာကြရသည်။

ရှင်ရဟန်းသာရအဖို့ ပါတိမောက်လည်း ပြီးခဲ့ပြီ။ မူလသိက္ခာလည်း ပေါက်ခဲ့ပြီ။ ဝိနည်းငါးကျမ်းသို့လည်း ရောက်ခဲ့ပြီ။

## အသက်တို့က၊ ဆက်လှာရသား

အထက်တွင်ဆိုခဲ့သော ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်၊ ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာတို့ကို ဝိနည်းငယ်လေးစောင် ခေါ်လေ့ရှိကြပါသည်။ ထိုဝိနည်းငယ်တို့ကို ယခုခေတ်တွင် အလွယ်တကူ ဝယ်ယူ၍ ကိုယ်ပိုင်ရနိုင်သော်လည်း ပေရွက်တွင် စာမူကူးရသည့် ထိုခေတ်ကမူကား မလွယ်ကူလှပါ။

ထို့ကြောင့် ဓမ္မဒါနပြုလိုသူများက ကျောင်းစာရေးများထံ ငွေစကြေးစပေး၍ အကူးခိုင်းကြရပါသည်။ ပြီးမှ ထိုပေစာထုပ်ကို ရေစက်ချ လှူဒါန်းကြပါသည်။

ကျွန်တော် စိတ်ဝင်စားမိသည်မှာ 'အသက်တို့က၊ ဆက်လှာရသား' ဟု စကားပင် ဖြစ်ပါသည်။ 'အသက်တို့က' ဆိုသည်မှာ အသက်ကို ငါတို့ကဆက်ရသည်။ တနည်းအားဖြင့် အသက်ကို ပေးဆက် ဝိနည်းတော်ကို လိုက်နာရသည်ဟု ဆိုလိုသလော၊ ဤသို့ဆိုလျှင် 'လှာ' ဟူသောစကားသည် သင့်လှမည်

မဟုတ်ဟု ထင်ပါသည်။ တပါးသူက ဆက်မှသာ 'လှာ' ဟု သုံးသင့်လေ သလောဟု ထင်ပါသည်။ သို့မဟုတ် မြင့်မြတ်သော ရဟန်းစဉ် ဆက်တွင် အသက်ကိုပေးဆက် စောင့်စည်းခဲ့ရသော ဝိနည်းတော်ဟု ဆိုလိုသလောဟုလည်း စဉ်းစားဖွယ်ရှိပါသည်။

သို့သော် . . .

အသက်သဖွယ်မြတ်နိုးစွာသော ဝဏ္ဏပဘာက ပေးဆက် လှူဒါန်းခဲ့သော ဓမ္မဒါနကော မဖြစ်နိုင်ပြီလော။

ဖြစ်နိုင်ပါသည်။ ပဥ္စင်းဘဝတွင် ကြိုးစားကျက်မှတ် ရမည့် လက်စွဲကျမ်းကို ဝဏ္ဏပဘာကလည်း လှူချင်ရှာလိမ့်မည် လှူပေလိမ့်မည်။

ဤသို့ တွေးမိလိုက်သောအခါတွင်ကား ကျွန်တော့်ရင်ထဲ တွင် နင့်ကနဲ ဖြစ်သွားပါသည်။ ချစ်ရလွန်းသော ချစ်သူအား မူလသိက္ခာအပါအဝင် ဝိနည်းကျမ်းကို လှူလိုက်သည်။ ချစ်သူ ပဥ္စင်းပျိုကလည်း ရိုသေစွာ ဖတ်မှတ်လေ့ကျက်သည်။ ထို့နောက် လိုက်နာလေ့ကျင့်သည်။ သာမန်မျှမဟုတ် 'အပ်တိ တသွား၊ တဆံဖျားမျှ' မမှားမယွင်းရအောင် လိုက်နာသည်။

ချစ်ရလွန်းသူအား ချစ်စေချင်လွန်း၍ ချစ်လက်ဆောင် ပေးခဲ့မိသဖြင့် မထင်မှတ်ပဲဝေးခဲ့ရသည့် ဝဏ္ဏပဘာကို ကျွန်တော် သနားမိပါသည်။

**ဒွန် မှ င် စ ၁ အ ဝိ တိ က်**

## ကာမဂုဏ်ကို၊ မမြုံရချေ၊ ဖြတ်ငယ်သေစွ

ကာမဂုဏ်ကို၊ မမြုံရချေ၊
ဖြတ်ငယ်သေစွ၊ ကမ္ဘလေ့ရင်ပိုက်၊
တကိုက်မချွတ်၊ စာလက်လွတ်၍၊
ဖြစ်တတ်ဘိသည်၊ သံသာရှည်ခဲ့၊
စက်လည်ရဟတ်၊ တပတ်ပတ်လျှင်၊
အနတ်ဒုက္ခ၊ အနိစ္စလည်းဟူ၊
နှလုံးမူစွ၊ ပေးလှျူစွန့်ကြ၊
ဤဘဝတွင်၊ နှမလက်လျှော့၊
နေလေတော့ဟု၊ ချစ်ပေါ့မကြုံ၊
ညှိုးငယ်ပုံမျှ၊ ရှက်ဟုကျွေးကြုတ်၊
ချမင်းတုပ်သို့၊ စိတ်ချုပ်မပွင့်၊
ပျံ့လွှင့်မေတ္တာ၊ ကရုဏာနှင့်၊
တဏှာလောဘ၊ ဒေါသမြေးထူ၊
ရမ္မက်မြူကို၊ ဘယ်သူနိုးရှာ ပေတော့မည်။

ပဥ္စင်းပျို ရှင်ရဠသာရသည် ဝဏ္ဏပဘာအား မေတ္တာထားပါ၏။ သနားပါ၏။ သို့သော် ထိုမေတ္တာ၊ ထိုကရုဏာကား လောကတဏှာ၊ ဒေါသတဏှာ၊ မောဟတဏှာတို့မှ ပေါ်ပေါက်လာသော မေတ္တာနှင့်ကရုဏာတို့သာတည်း။

ဤသို့ မသန့်စင်သော မေတ္တာကို မထားလိုတော့ပြီ။ ထို့ကြောင့် နှလုံးသားတို့ကို မင်းတုပ်ချည်ပိတ်သကဲ့သို့ ပိတ်ရတော့မည်။ ကျွေးကြုတ်တွင်ထည့်၍ လုံလုံအောင် ပိတ်ရတော့မည်။ ရှေးခတ်ကမူကား အထက်မြန်မာပြည်တွင် ဆန်ကိုသာမဟုတ်၊ ပြောင်းဆန်ကို လည်းကောင်း၊ ကျွေး(ကျွေးဥ)ကိုလည်းကောင်း ထမင်းအဖြစ်စားကြမြဲ ဖြစ်သည်။ ထို့ကြောင့် ဟင်းကျွေးဟု တွဲခေါ်ကြသည်။ ထမင်းထည့်သော ကြုတ်ကိုလည်း ထမင်းကြုတ်၊ ကျွေးကြုတ်ဟုခေါ်သည်။ အငွေ့အနံ့ပျံ့လွင့်ထွက် မလာစေရန် ကျွေးကြုတ်လုံလုံအောင် အဖုံးယှက်၍ ပိတ်လိုက်သကဲ့သို့ ဆရာတော်လည်း နှလုံးသားကို ပိတ်ဖုံးရလေပြီ။

သံသရာတလျှောက်လုံးတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့ နှိပ်စက်ကြမြဲ ဖြစ်သည်။ ထိုတရားတို့ကို ရှေးရှုနှလုံးမူ၍ ပေးကမ်းကြရသည်။ လှူဒါန်းကြရသည်။ အလောင်းတော်များသည် ထီးနန်းစည်းစိမ်တို့ကို စွန့်လွှတ်ခဲ့ကြသည်။ ထို့အတူ ပဉ္စင်းပျိုလည်း ဝဏ္ဏပဘာကို စွန့်ရပေတော့မည်။

'ဖြတ်ငယ်သေ'ဟူသော စကားကို ရှင်ရဋ္ဌသာရ သေချာစွာ ရွေး၍ သုံးခဲ့ပေသည်။ ပဉ္စင်းပျိုသည် ကာမဂုဏ်ကိုဖြတ်ပါ၏။ သေလည်းသေပါ၏။ သို့သော် အဖြတ်ငယ် အသေငယ်မျှသာ တည်း။ အာသဝေါမကုန်သမျှ ရဟန်းကိစ္စမပြီးသမျှ အဖြတ်ငယ် အသေငယ်မျှသာ ဖြစ်လိမ့်မည်။

နှ နံ မှ င့် စ ၁ အု ပ် တို က်

'အသေငယ်'ဟူသည်ကား အိပ်မောကျနေခြင်းနှင့်သာ ပမာတူသည်။

ရှင်ရဋ္ဌသာရသည် မင်းတုပ်ချပိတ်၊ ကျွေးကြိုက်တွင် သိပ်ခြင်းကြောင့် ချစ်စိတ်မှာလည်း အိပ်မောကျနေလေပြီ။

အသေငယ်သေ၍ အိပ်မောကျနေသော ချစ်စိတ်ကို မနှိုးလိုတော့ပါပြီ။ အိပ်ပါစေတော့။ အသေငယ်သေပါစေတော့။

**ငယ်မည်မြွက်ဟ၊ နှုတ်သံမြနှင့်**

ဆုဝေဘီချင်၊ ငယ်ကျွမ်းစင်နှင့်၊
သို့ပင်တာရှည်၊ ပျော်ရမည်ဟု၊
ညောင်စည်သားများ၊ မြို့ရှေ့ပါးဝယ်၊
ထင်ရှားကျော်ဟိုး၊ ရက္ခစိုး၌၊
ပုဆိုးကြာညွန့်၊ ပိတ်လျှပ်တွန့်ကို၊
ဖြန့်၍တထည်၊ ရစ်ဖွဲ့ချည်မှ၊
ငယ်မည်မြွက်ဟ၊ နှုတ်သံမြနှင့်၊
ခက်မတထောင်၊ ပညောင်စောင့်တက်၊
ရှင်နတ်မြတ်ကို၊ တိုင်မှတ်တက်သေ၊
ပြုဖူးပေရှင့် . . .

သူတို့နှစ်ဦး ငယ်စဉ်ကသော် မြို့အရှေ့ဘက်ရှိ ညောင်စည်သားများပင်ကြီးရှိ ရုက္ခစိုးနတ်မင်းအား ဝတ်လဲတော် တစ်ထည်ဆက်၍ သက်သေအဖြစ်ထားကာ သစ္စာတိုင်ဖူးသည်။ ရာသက်ပန် ပေါင်းရစေကြောင်းကိုလည်း ဆုတောင်းခဲ့ဖူးသည်။

ထိုစဉ်ကသော် သူ၏အမည်ကလည်း ရှင်ရဌသာရ မဟုတ်သေး။ ထို့ကြောင့် မိမိတို့၏ ငယ်မည်ကလေးများကို ဖွင့်ရွတ်၍ 'ကျွန်တော် မောင်မောက်နှင့် ကျွန်တော်၏ချစ်သူ မည်သူမည်ဝါမှတပါး' စသည်ဖြင့်ဖြစ်စေ သစ္စာပြုခဲ့သည်။

**မျှော်လင့်ခိုးရှာလေတော့မည်**

မကွေသစ္စာ၊ ဝါသနာကြောင့်၊
ရုပ်ဝါပို့ရှုယ်၊ သနားဘွယ်တည့်၊
ရှေးနှယ်ကြိုးကုပ်၊ ချမင်းတုပ်နှင့်၊
ခွက်မြုပ်ခါညီ၊ နာရီမောင်းချ၊
ဒေသနိမိတ်၊ သက်ကြီးဆိတ်လည်း၊
မမိုတ်မျက်တောင်၊ သည်းခေါင်ဆူလည်၊
ရှိလိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်၊
ဖူးချိန်သင့်ကို၊ မျှော်လင့်ခိုးရှာလေတော့မည်။

လုံမငယ်ကတော့ ထိုသစ္စာကို လုံးဝဖောက်ဖျက်ခြင်းမရှိ။ သစ္စာနှင့် ကွေကွင်းခြင်းမရှိ။ ကိုမောက် လူထွက်လာမည့်နေ့ကို စောင့်မြဲစောင့်နေဘိသည်။ လူထွက်လာခြင်းမှာလည်း အဆန်း မဟုတ်၊ ရှေးခတ်က ဤသို့ပင် ရှင်သာမဏေအဖြစ် ပဉ္စင်းအဖြစ် ခံယူ၍ ပညာသင်ကြရသည်။ ရဟန်းဘဝတွင် အမြဲနေရန် ရည်ရွယ်ချင်မှ ရည်ရွယ်သည်။ ထို့ကြောင့် လုံမငယ်က စောင့်မျှော်နေသည်။

**နှ န် မှ င် စ ၁ သ ပ် တို က်**

ထိုစဉ်ကသော် သူ၏အမည်ကလည်း ရှင်ရဋ္ဌသာရ မဟုတ်သေး။ ထို့ကြောင့် မိမိတို့၏ ငယ်မည်ကလေးများကို ဖွင့်ရွတ်၍ 'ကျွန်တော် မောင်မောက်နှင့် ကျွန်တော်၏ချစ်သူ မည်သူမည်ဝါမှတပါး' စသည်ဖြင့်ဖြစ်စေ သစ္စာပြုခဲ့သည်။

**မျှော်လင့်ခိုးရှာလေတော့မည်**

မကွေသစ္စာ၊ ဝါသနာကြောင့်၊
ရုပ်ဝါပို့ရွှယ်၊ သနားဘွယ်တည့်၊
ရှေးနှယ်ကြိုးကုပ်၊ ချမင်းတုပ်နှင့်၊
ခွက်မြုပ်ခါညီ၊ နာရီမောင်းချ၊
ဒေသနိမိတ်၊ သက်ကြီးဆိတ်လည်း၊
မမိုတ်မျက်တောင်၊ သည်းခေါင်ဆူလည်၊
ရှိလိမ့်မည်ဟု၊ လွမ်းသည်ထပ်ဆင့်၊
ဖူးချိန်သင့်ကို၊ မျှော်လင့်ခိုးရှာလေတော့မည်။

လုံမငယ်ကတော့ ထိုသစ္စာကို လုံးဝဖောက်ဖျက်ခြင်းမရှိ။ သစ္စာနှင့် ကွေကွင်းခြင်းမရှိ။ ကိုမောက် လူထွက်လာမည့်နေ့ကို စောင့်မြဲစောင့်နေဘိသည်။ လူထွက်လာခြင်းမှာလည်း အဆန်း မဟုတ်၊ ရှေးခေတ်က ဤသို့ပင် ရှင်သာမဏေအဖြစ် ပဥ္စင်းအဖြစ် ခံယူ၍ ပညာသင်ကြရသည်။ ရဟန်းဘဝတွင် အမြဲနေရန် ရည်ရွယ်ချင်မှ ရည်ရွယ်သည်။ ထို့ကြောင့် လုံမငယ်က စောင့်မျှော်နေသည်။

ရှင်ရဋ္ဌသာရမူကား စွန့်လိုက်ပြီ။ အိမ်ထောင်ပြုလိုလျှင် ပြုနိုင်ပါစေတော့ဟု လက်လျှော့ရန် ပြောသည်။ ယခုအချိန် ပျို့နှစဥ်အရွယ်တွင် မိမိနှစ်သက်ရာ တပါးသူကို ရွေးချယ်စေချင်သည်။ သို့သော် သနားဖွယ်ရာ ကောင်းလှသည်ကား မောင်မောက်ကို မျှော်လင့်နေဆဲ။

လုံမငယ်မှာ နန်းတွင်းသူ ဟုတ်ဟန်မရှိ။ ဇဟိုသံ ဝေးသော မောင်းသံ မကြားရသော တောရွာ၌ နေဟန်ရှိသည်။ နန်းတွင်းသူဖြစ်လျှင်လည်း ချစ်သူရှိရာနန်းတွင်းသို့ သန်းခေါင်သန်းလွဲတိုင် နေရန်မဆိုထားဘိ။

နန်းသူတို့အဆောင်ကို နေ့အခါ၌ပင် မောင်မောက် ခြေချခွင့် မရှိနိုင်။

ထို့ကြောင့် ကြက်သံ ဇဟိုပြုရသော သူမ၏ ဒေသတွင် ကြက်တွေဆူလည် တွန်သည့်အချိန်ကိုသာ မှတ်၍နာရီကို မှန်းဆရပေတော့မည်။

သူငယ်အိပ်ဆိတ် ကြက်တွန်ပြီးခဲ့ပြီ။ သက်ကြီးခေါင်းချ (ဝါ) သက်ကြီးအိပ်ဆိတ်လည်းတွန်ပြီ။ ကိုမောက် လာတော့မည်မဟုတ်။ ထို့ကြောင့် တံခါးကို မင်းတုပ်ချရလေပြီ။

ကြက် ‌တွေ ဆူလည်တွန်သည် ဟူသောစကားကို ကျေးလက်တောရွာများသို့ ရောက်ဖူးမှသာ သိနိုင်ပေသည်။ တစ်ကောင်တလေက ထွန်သည့် ကြက်ရှူးတွန်နည်းမျိုး မဟုတ်။ အချိန်ကျ၍ တွန်ပြီဆိုလျှင် ဆူနေအောင် တွန်နေသည်။

တစ်အိမ်ကစပြီး တွန်လိုက်သော ကြက်သံဆုံးသည်နှင့် နောက် တအိမ်၊ နောက်တအိမ်ဆက်ကာဆက်ကာ တွန်သွားလိုက်သည် မှာ ရွာဟိုဘက်စွန်က ကြက်တွန်သံကို ခပ်ဝေးဝေးကြားရသည်။ ထို့နောက် ပြန်လည်လာပြန်သည်။ ကြက်တွန်သံတို့ ဝေးသွား လိုက် နီးလာလိုက်နှင့် တရွာလုံးလည်သွားအောင် တွန်သည်။

ရှင်ရဋ္ဌသာရက လုံမငယ်မှာ တံခါးမင်းတုပ် ချပြီးပါ လျက် အိပ်မပျော်ပဲဖြစ်နေပုံ၊ လွမ်းတပူဆွေးနေပုံကို 'သည်းခေါင် ဆူလည်' ဟု သုံးခဲ့သည်။ 'သန်းခေါင်ဆူလည်' ကို သတိရမိစေ သော အသုံး ဖြစ်သည်။ သန်းခေါင်ကြက်တွေ ဆူလည်တွန်ချိန် အထိ အိပ်မပျော်ပဲ တိတ်တခိုး မျှော်လင့်နေဆဲ ဖြစ်ယောင် တကားဟု သနားမိဟန်ရှိပါသည်။

*

ရှင်ရဋ္ဌသာရ 'ကာမဂုဏ်ကို၊ မဖြုံရချေ၊ ဖြတ်ငယ်သေ' အောင် အားထုတ်ပါသည်။ 'နှမလက်လျှော့၊ နေလေတော့'ဟု လည်း စွန့်ခဲ့ပါသည်။ သို့သော် သံယောဇဉ်ကား မပြတ်နိုင်ရှာ။ ချစ်စွာသော ဝဏ္ဏပဘာ ပူရှာမည့်အရေးကို တွေး၍ ပူနေမိ သေးသည်။

ချစ်ရလွန်းသော ချစ်သူအား ချစ်စေချင်လွန်း၍ ဝိနည်း ကျမ်းကို ချစ်လက်ဆောင်သဖွယ် လှူခဲ့မိသဖြင့် ချစ်သူနှင့် ဝေးရသော၊ ချစ်သူက လက်လျှော့ပါလေတော့ဟု ဖွင့်ပြောလျက်

ပျိုနုသောအရွယ်ကို ဟိုင်းချင်ဟိုင်းစေတော့ဟု ထားလျက် စောင့်နေရှာသော လုံမငယ်ကို ကျွန်တော့်အဖို့ သနားခြင်း အသစ် ဖြစ်မိပါသည်။

ထို့အတူ ချစ်ပါလျက်နှင့် ဘုရားသခင်ကို ခန့်ညားရိုသေ လှသောကြောင့် ချစ်သူစွန့်ကာ မေတ္တာကို အိပ်မောကျစေပြီး တဖန်မနိုးတော့လိုသော ရှင်ရဋ္ဌသာရကိုလည်း သနားခြင်း ကြည်ညိုခြင်းအသစ် ဖြစ်ရပြန်ပါသည်။

ကျွန်တော့်စာကိုချန်ပြီး ရတုကို သီးသန့်ဖတ်လိုလျှင် ဖတ်နိုင်အောင်စီစဉ်ထားပါသည်။ ရတုသက်သက်ကို စာဖတ်သူ ဖြည်းညင်းစွာ ဖတ်ကြည့်စေချင်ပါသည်။ ကျွန်တော်ကဲ့သို့ပင် ခံစားရလေမည်လား၊ သို့မဟုတ် ကျွန်တော်မတွေ့၊ မရလိုက် သည့် အသစ်အသစ်သော ခံစားမှုမျိုးကိုပဲ တိုးပြီးရနေလေဦးမည် လား မသိနိုင်ပါ။

အကြောင်းသော်ကား. . .

အောင်မြင်သော အနုပညာပစ္စည်းတို့မည်သည် အသစ် အသစ်သော ခံစားမှုတို့ကို ထပ်မနားပေးခြင်းဖြင့် မရပ်စဲသော အလှတို့ကို ဆောင်နေတတ်သောကြောင့်ပါတည်း။

* * *

နန်းမှိုင်စာအုပ်တိုက်

## မရေးရဲကြသူများ

ပင်လယ်လှိုင်းလုံးကြီးများသည် တလုံးပြီးတလုံး သဲသဲမဲမဲ တဟဲဟဲ ပြေးလာလျက် "ချောင်းသာ"ကမ်းခြေကို တဝုန်းဝုန်း ရိုက်ခတ်နေလေသည်။ လေပြင်းကလည်း တဝေါဝေါ အော်မြည်လျက် အဆက်မပြတ် တိုက်ခတ်နေသည်။ ချောင်းသာကမ်းခြေတဝိုက်ရှိ သစ်ပင်များမှာ လေပြင်းထဲတွင် တသဲသဲမြည်ကြွေးနေသည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် လှိုင်းသံလေသံတို့သည်သာလျှင် လွှမ်းမိုးနေလေတော့သည်။

ဍန်ပွင့်စာအုပ်တိုက်

နေ့လည်ခင်း၏ ပြင်းထန်လှသော နေခြည်သည် ကမ်းခြေသောင်ပြင်ကို ညီးညီးတောက်အောင် လောင်ကြွမ်းနေစေသည်။ တလိပ်လိပ်ပြေးလွှားလာနေသော လှိုင်းခေါင်းဖြူတို့ကား နေမင်း၏ အပူရှိန်ကို တရွေးသားမျှ အလေးမထားဘဲ ကမ်းခြေရှိ ကျောက်တန်းကိုသာလျှင် ဒေါသတကြီး တိုက်ခိုက်နေသကဲ့သို့ ရှိသည်။

တပေါင်းနေရောင်အောက်တွင် ပင်လယ်ပြင်သည် ပြိုးပြက်ညီးတောက်လျက် ရှိသည်။ မိုးကုတ်စက်ဝိုင်းသို့တိုင်အောင် ဘမျှော်တခေါ် ရေပြင်ကျယ်ကြီးအတွင်း လူသူမဆိုထားဘိ ငှက်ငယ်တစ်ကောင်တလေကိုမျှမမြင်ရ။ ကမ်းနားတွင် ခရုကောက်ကြသူများလည်း မရှိကြတော့ပြီ။ ရေကူးလှိုင်းစီးဆော့ကစားကြသူများလည်း တစ်ယောက်မျှ မရှိကြတော့ပြီ။

တရှိန်တောက်ပနေသော ပင်လယ်ပြင်ကြီးကို ကြည့်နေရင်း ဟိုး . . . ဟိုး အဝေးကြီးတွင် နီစွေးစွေး အသက်ကယ်လှေတစင်းကို မြင်ယောင်လာမိသည်။ လူသားဆယ့်လေးငါးယောက်မှာ သဘိမရတစ်ချက်ရတစ်ချက်နှင့် လှိုင်းခတ်ရာ မျောပါနေသည်။ အစားအစာနှင့် ဝေးခဲ့ကြသည်မှာ ရှစ်ရက်ကိုးရက်ခန့်ရှိပြီ ဖြစ်သောကြောင့် အရိုးပေါ် အရေတင်ဟု ဆိုရလောက်အောင် ပိန်လှီနေကြပြီ။ အကွယ်အကာမဲ့ နေဒဏ်လေဒဏ်ကို ခံခဲ့ရသောကြောင့် အသားရောင်တို့မှာ မွဲရော်

ခြောက်သွေ့နေလေပြီ။ နံနက်တစ်ကြိမ် ညနေနေဝင်စ တစ်ကြိမ် လက်ဖက်ရည်ကြမ်း ပန်းကန်တစ်ဝက်စာမျှသော ရေချိုကို ခွဲတမ်းချ သောက်ခဲ့ရသောကြောင့် နှုတ်ခမ်းတို့မှာလည်း ခြောက်သွေ့အက်ကွဲလျက် ရှိနေသည်။ လူခြောက်ယောက် လေးဆယ့်ရှစ်နာရီအတွက် စီရင်ထားသော ရေချိုသံဗူးများနှင့် ချိုချဉ်သကြားလုံးများကို သူတို့လူပေါင်း ဆယ့်ရှစ်ယောက် ခွဲဝေ ချွေတာ စားသုံးခဲ့ရသည်မှာ ယခုဆိုလျှင် ရှစ်ရက်ကိုးရက်ခန့် ရှိပြီ။ ဤရက်အတွင်း သေသူတို့ကိုလည်း ပင်လယ်၌ပင် ပစ်ခဲ့ကြရပြီ။ သူတို့သည်လည်း မျှော်လင့်ချက်ကင်းမဲ့လျက် သေမည့်ရက်ကို စောင့်နေကြရသကဲ့သို့ ရှိနေလေပြီ။

သူတို့ကား တိုက်ရေယာဉ်တစ်စင်းမှ ဗမာ့တပ်မတော်ရေတပ် ရဲဘော်များပေတည်း။

တိုက်ရေယာဉ်တွင် အရာရှိသုံးယောက်၊ ရဲဘော်နှင့် အခြား အဆင့်နှစ်ဆယ့်လေးယောက်၊ စုစုပေါင်း ၂၇ယောက်ပါသည်။ လေထန်လှိုင်းကြီးလွန်းလှ၍ သင်္ဘောကွဲထွက်သွားသော အခါ အသက်ကယ်လှေများကို အရေးတကြီး ချကြရသည်။ ပထမချလိုက်သော လှေပေါ်သို့ ရဲဘော် ၉ ယောက်ဆင်းပြီး လိုက်သည်နှင့် လှိုင်းကြီးတစ်ချက် ရိုက်လိုက်ရာ ဝုန်းကနဲ သင်္ဘောနှင့် ကွာသွားတော့သည်။ ထို့နောက် ကွာသည်ထက် ကွာသွားပြန်သည်။ သူတို့က ဒုတိယလှေတွင် လိုက်ခဲ့ရသည်။

လှိုင်းလှေပြင်းထန်လှသောကြောင့် ပထမလှေကို မမြင်ကြရ တော့ပြီ။ ဘယ်ဆီဘယ်လမ်း မြန်းလေပြီကိုပင် မမှန်းနိုင် တော့ပြီ။ စင်စစ် ထိုပထမလှေကို ဘယ်တော့မှ မတွေ့ရလေ တော့ပြီ။

သူတို့လှေပေါ်တွင် လူဆယ့်ရှစ်ယောက် ပါခဲ့သည်။ အရာရှိသုံးယောက်နှင့် အခြားအဆင့် ရဲဘော်ဆယ့်ငါးယောက်။ အခြေခံ ကျန်းမာရေးနှင့် ခံနိုင်ရည်နည်းပါးသူ အချို့မှာ တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်ခဲ့ကြရပြီ။ သူတို့၏ခေါင်း ဆောင် မာလိန်မှူး ဗိုလ်ကြီးဘီတီက "ကမ္ဘာ့ကုန်သွယ် သင်္ဘော လမ်းကြောင်းနှင့် မဝေးသောကြောင့် သင်္ဘောကြီးတစ်စင်း တလေကို တွေ့နိုင်သည်"ဟု ပြောထားသောကြောင့် နေ့စဉ် မျှော်လင့်ချက်ကြီးစွာ ဟိုဟိုဒီဒီကြည့်မိရှာမိသည်။ သင်္ဘောကြီး တစင်းကို မြင်လိုက်ရသဖြင့် အားကိုးတကြီး လက်တွေကို ဝှေ့ရမ်းပြကြသည်။ ဝေးလွန်းလှသောကြောင့် သင်္ဘောက သူတို့ ကို တွေ့မြင်ခြင်းမရှိခဲ့။ တရွေ့ရွေ့ဝေးကွာ ပျောက်ကွယ်သွား သော သင်္ဘောကြီးကို ကြည့်နေရင်း အသွေးအသားအားလုံးကို ထုတ်ယူပစ်လိုက်သကဲ့သို့ အားငယ်သွားမိကြသည်။ ပင်လယ် ပြင်တွင် ဘာဆို ဘာမျှ မရှိတော့။ အားကိုးမျှော်လင့်စရာ ဘာဆို ဘာမျှ မရှိတော့။

လှိုင်းလုံးကြီးများသည် ချောင်းသာကမ်းခြေကို တဝုန်း ဝုန်းရိုက်နေလျက်။

နန်းနင်တာဆုဝတိုက်

ကျွန်တော်၏ ဘေးဘက်ရှိ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသော ဗိုလ်မှူးဘီတီကို ကြည့်လိုက်မိသည်။ သူသည် ရှေ့တွင် ရှိနေသော ပင်လယ်ပြင်ကြီးကို ငေးကြည့်နေသည်။ သူ့မျက်လုံးများကား ရီဝေလျက်။ သူ မေ့ပစ်ထားချင်သော အကြောင်းအရာများကို ကျွန်တော်က မေးလိုက်ခဲ့မိချေပြီ။ သူ့စိတ် အတွေးစဉ်တွင် အဖြစ်ဟောင်းတို့သည် တရိပ်ရိပ်ထင်လျက် ရှိနေရှာပေလိမ့်မည်။

ပုသိမ်မြို့နယ် ရှေ့နေများအသင်း နှစ်ငါးဆယ်မြောက် ရွှေရတုသဘင် အထိမ်းအမှတ် စာပေဟောပြောပွဲသို့ ဘီတီ၊ ယုယင်နှင့် ကျွန်တော်တို့ လာခဲ့ကြသည်။ ရှေ့နေများအသင်းကလည်း တက်တက်ကြွကြွ တာဝန်ကြေလှသည်။ သူတို့ ပုသိမ်မြို့နယ်၏ ချောင်းသာပင်လယ်ကမ်းခြေ၏ သာယာတင့်မောလှပုံကို ပြချင်ကြသည်။ ဤသို့အားဖြင့် ကျွန်တော်တို့သည် ငပလီကဲ့သို့သော ချောင်းသာပင်လယ်ကမ်းသို့ ရောက်လာခဲ့ကြသည်။ ပင်လယ်ကို ရောက်လာပြန်တော့ ဘီကီ၏ နာမည်ကျော် "တိုက်ရေယာဉ်တစ်စင်း"ဇာတ်လမ်းကို ကျွန်တော်က မေးမိပြန်သည်။

သည်အကြောင်းတွေကို ပြောပြနေတော့ ဘီတီ၏ မျက်နှာကို ကျွန်တော် စိတ်ဝင်တစား တစူးစိုက်စိုက်ကြည့်ရင်း နားထောင်နေမိသည်။ သူ့တွင် အမြဲတမ်း တွေ့ရလေ့ရှိသော

ပြုံးထေ့ထေ့ အမူအရာကို စိုးစဉ်းမျှပင် ရှာလို့မတွေ့နိုင်တော့။ သူ့မျက်လုံးများသည် ကျွန်တော့်ကိုပင် မြင်နေဟန်မတူတော့။ တခြားလည်း ဘာကိုမျှ မြင်ဟန်မရှိတော့။ သူမြင်နေဟန်ရှိသည်မှာ အတောမသတ် အပြောကျယ်လှသည့် ပင်လယ်ပြင်ကြီးထဲက ပီသေးသေး အသက်ကယ်လှေကလေးတစ်ခု။

ဗိုလ်ကြီးစောဦး။

သူနှင့်အတူ ရေတပ်မတော်ထဲသို့ တပြိုင်နက် ရဲဘော်လေးများအဖြစ် ဝင်ခဲ့ကြသော သူငယ်ချင်း ကိုစောဦး။

ကိုစောဦးမှာ ဂက်စ်ထရစ် အစာအိမ်ရောဂါ ရှိသည်။ ဆေးရုံတက်မည့်ဆဲဆဲ။ သည်တစ်ခေါက် ပင်လယ်ကပြန်မှ ဆေးရုံတက်တော့မည်ဟုဆိုလျက် သင်္ဘောတွင် ပါလာသူ။ အသက်ကယ်လှေပေါ် ရောက်၍ နာရီပိုင်းလောက်ရှိလျှင်ပင် ရောဂါဒဏ်ကို ခံရလေပြီ။ သုံးရက်ရှိတော့ အစာအိမ်က ပေါက်သွားဟန်တူသည်။ အလူးအလိမ့်ခံရပြီ။ ဝမ်းဗိုက်ကို စမ်းကြည့်လိုက်တော့ တင်းနေအောင်မာပြီး၊ ရှိန်းနေအောင်ပူနေသည်။ ပူပုံမှာ စမ်းကြည့်လိုက်သူလန့်သွားအောင် ပူနည်းမျိုးဖြစ်သည်။ ကိုစောဦးတစ်ယောက် ရေလေးတစ်ခွက်လောက် ဘယ်လောက်များ သောက်လိုက်ချင်ရှာလေ့မလဲ။

ကျွန်တော်က ဤအဖြစ်အပျက်များကို ပြန်ပြီး ရေးသင့်ကြောင်း တိုက်တွန်းမိသည်။ ဘာကြောင့် မရေးသလဲဟုလည်း

မေးမိသည်။ ဘီတီ၏မျက်နှာမှာ တွေတွေငေးငေး ရှိလှသည်။ အတန်ကြာမှ "ကျွန်တော် မရေးချင်တော့ဘူး ဦးအောင်သင်း ရယ်"ဟု လေးလေးတွဲ့တွဲ့ကြီး ပြောသည်။

သုံးရက်မြောက် ညဘက်သို့ရောက်သောအခါ ဗိုလ်စောဦး၏ နောက်ဆုံးမိနစ်များသည် အလျင်အမြန်ချဉ်းကပ်လာခဲ့ကြလေပြီ။ စောစောက ဝေစုရသည့်ရေကလေးသည် ဗိုလ်စောဦး၏ ရင်ထဲကမီးလျှံပေါ်တွင် ရှဲကနဲပျောက်သွားပေလိမ့်မည်။ ထို့ကြောင့် ဘီတီ၏ ပုခုံးပေါ်တွင် ခေါင်းမှီရင်း "ကိုဘီတီရယ် ကျွန်တော်သေရတော့မှာပါ။ ရေလေးတစ်ခွက်လောက်တော့ သောက်သွားပါရစေ"ဟု တီးတိုးကပ်ပြီး တောင်းရှာသည်။ အစာအိမ်ပေါက်နေသော သူ့ရဲဘော်၏ဒုက္ခကို နင့်ကနဲနေအောင် သိလိုက်ပါသည်။ သို့သော် ပေးသင့်ပါသည်လား။ စောစောကပဲ ဝေစုကျ ရေချိုကို ဝေပေးပြီးပြီ။ သူ့ကို ရေပေးလျှင် ဘီယာဗူးလောက်ရှိသော ရေချိုတဗူးကို ဖောက်ရတော့မည်။ အခြားသူများကိုပါ ထပ်ပြီးဝေပေးလို့ ဖြစ်ပါမည်လား။ ရက်ပေါင်း ဘယ်လောက်ကြာအောင် လွင့်မျောကြရဦးမည်ကို မည်သူမျှ မသိနိုင်။ ထို့ကြောင့် တစ်နေ့တာအတွက် ရေပေးဝေမှုကို အတိအကျ အမိန့်ထုတ်ထားခဲ့ပြီးဖြစ်သည်။ သူတို့က အရာရှိများ ဖြစ်သောကြောင့် ပိုပြီးလေးစား လိုက်နာကြရလိမ့်မည်။

ဗိုလ်စောဦးလည်း နားလည်ပြီး ဖြစ်ပေသည်။ သို့ဆိုလျက်နှင့်ပင် တီးတိုးတောင်းပန်နေရှာသည်မှာ သူ့ရင်ထဲက မီးလျှံ အဘယ်မျှ တောက်လောင်နေကြောင်း ဗိုလ်ကြီးဘီတီ ရင်နင့်နေအောင် သိလိုက်ပါသည်။ ထို့ကြောင့် မဖြစ်နိုင်ကြောင်း ချော့မော့ ဖြောင်းဖြရသည်။ တညည်းတွားတွား တောင်းပန်နေသော ကြောင့် ချင်ခွက်ကလေးနှင့် ပင်လယ်ရေကို ခပ်ပြီးပေးလိုက် သည်။

"**ဦးအောင်သင်းရယ် ကိုစောဦးဟာယူပြီး မှောင်ထဲမှာ အငမ်းမရသောက်ရှာတယ်။ ပြီးမှ ကျွန်တော့်နားနားကပ်ပြီး 'ဆားငန်ရေတွေပါဗျာ'လို့ တိုးတိုးလေးပြောပြီး ငိုက်ကနဲကျသွား** တာပါပဲ။ ကျွန်တော်နဲ့တပ်ထဲကို တစ်နေ့ထဲဝင်ခဲ့တဲ့ အချစ်ဆုံး သူငယ်ချင်းပါ။ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ရဲ့ သေခါနီး နောက်ဆုံးဆန္ဒ ရေလေးတပေါက်ကို ကျွန်တော်ဟာ . . ."

ဘီတီကို ကျွန်တော် နားလည်လိုက်ပါသည်။ သူ့မျက်နှာ ကိုပင် ကျွန်တော် မကြည့်ရက်အောင် ဖြစ်နေမိသည်။ အတော် ကြီးကိုကြာမှ -

"I don't want to relive it." "ကျွန်တော် အဲဒီအဖြစ် တွေကို ဖျောက်ဖျက်မေ့ပစ်ချင်တယ်"ဟု ဆက်ပြောပါသည်။

"နောက်ပြီး အဖြစ်အပျက်တစ်ခုကို ပြန်ပြီး ရေးကြပြီဆို ရင် တတ်နိုင်သမျှ ပြည့်စုံအောင် ရေးနိုင်မှလဲ ကောင်းမှာပေါ့။

ဒီလူဆယ့်ရှစ်ယောက်ထဲမှာ ကိုယ်ကြံ့ခိုင်မှု၊ စိတ်ကြံ့ခိုင်မှုမှာလဲ တစ်ယောက်နဲ့ တစ်ယောက် တူကြတာ မဟုတ်ဘူး။ ကြံ့ခိုင်မှု နည်းတဲ့လူက စောစောစီးစီး ဗွေဖောက်လာတာပဲ။ တစ်ခါမှာ ဆိုရင် ညပိုင်းရေဝေတော့ ရေကကုန်ပြီ။ အားလုံးချင်ခွက်နဲ့ ဆယ့်ရှစ်ခွက်အကိုက် ဝေရတာ။ နှစ်ယောက်က မသောက်ရ သေးဘူးဆိုမှ မှောင်ထဲမှာ တစ်ယောက်ယောက်က ခွက်ဆင့်ပြီး ဆွဲသောက်သွားပြီဆိုတာ သိလိုက်တာပေါ့။ ကျွန်တော် ဘယ် လောက် ဒေါသဖြစ်လိုက်မယ်ဆိုတာ စဉ်းစားသာကြည့်ပေတော့။

"နောက်ပိုင်း ရက်ကလေးနဲနဲကြာလာတော့ လူတွေဟာ စိတ်မမှန်ချင်တော့ဘူး။ လှေကိုတောင် ဖေါက်ပစ်မယ်လုပ်သည် ထိအောင် စိတ်ကြောင်သွားလို့ ဝိုင်းပြီးချုပ်နှောင်ထားရသည် အထိ ဖြစ်လာတယ်။ ဒါတွေကို ကျွန်တော်မရေးချင်ဘူး။ သေလဲ သေသွားခဲ့ရတာပါပဲ။ သူ့မှာ ကြံ့ခိုင်မှုနည်းပါးလွန်းလို့ ဒီလိုဖြစ်ရ တာ မဟုတ်လား။ သူတို့အကြောင်းကို ကျွန်တော်က ရေးလိုက်ပါ ပြီတဲ့။ သူတို့က မရှိကြတော့ဘူး။ သူတို့က ကျွန်တော့်ကို ဘာမျှ ခုခံချေပနိုင်ခွင့် မရှိတော့ဘူး။ နောက်ပြီး ကျွန်တော်ကကော ဘယ်လောက်ထိအောင် ကြံ့ခိုင်နိုင်သလဲ။ သူတို့ထက် ဘယ် လောက်များသာသလဲ။ အမှန်အတိုင်းပြောရရင် ခုမှ တဖြည်းဖြည်းပြန်ပြီး တွေးကြည့်တော့ ရှစ်ရက်ရဲ့နောက်ပိုင်း ကျွန်တော် စီစဉ်လုပ်ကိုင်တာတွေ ပြောတာဆိုတာတွေအတွက်

ကို ကျွန်တော် တာဝန်မယူနိုင်ဘူး ဦးအောင်သင်း။ စိတ်မှန် လူမှန်ပါပဲရယ်လို့ ကျွန်တော် တာဝန်မယူဝံ့ဘူး။ ကျွန်တော်လဲ စိတ်ဖောက်တဲ့အထဲမှာ ပါသွားတယ်လို့ အထပ်ထပ်သံသယ ဖြစ်နေမိတယ်။ ကျွန်တော်ကိုယ်တိုင်က အဲဒီလို ဖြစ်နေမိတယ် လို့ အောက်မေ့နေပါလျက် တခြားသူရဲ့အပြစ်အနာအဆာတွေ ကို ထုတ်ဖော်ပြီး ရေးချလိုက်ဖို့ဆိုတာ . . . အေးလေ ကျွန်တော် မရေးရဲဘူး။ မရေးရက်ဘူး"

သူတို့ဆယ့်သုံးရက်တိုင်တိုင် မျောနေပြီးမှ သင်္ဘောကြီး တစ်စင်းက တွေ့သောကြောင့် ဆယ်ယူခဲ့ရသည်။ သူတို့ ကံ အလွန်ကောင်းလှသည်ဟုသာ ဆိုရပေတော့မည်။ နေက ဝင်လု နေပြီ။ သင်္ဘောကပ္ပတိန်က ညနေစာစားအပြီး သွားကြားထိုးရင်း ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်တော့ ဟိုးခပ်ဝေးဝေးမှာ နီနီ ပစ္စည်းလေးတစ်ခုကို မြင်လိုက်မိသလို ထင်လိုက်ရသည်။ ထို့ကြောင့် နှစ်လုံးထိုးမှန်ပြောင်းကို ဆွဲကြည့်လိုက်သည်။ နီနီ ပစ္စည်းကလေးတစ်ခုတော့ အမှန်ပေပဲ။ ဘာပါလိမ့်မလဲ။ ထို့ကြောင့် မကျေနပ်၍ အားကောင်းလှသော သုံးချောင်း ထောက် မှန်ပြောင်းကြီးကို ကိုင်ပြီးကြည့်လိုက်မှ ဝှေ့ရမ်းပြနေ သော လက်ကလေးများကို ဝိုးတဝါးမြင်လိုက်ရသည်။ သည် ထက် ဆယ်မိနစ်လောက် နောက်ကျသွားလိုက်လျှင် နေဝင်ပြီ။ လက်မတင်လေးမျှ ကပ်ပြီးကြုံလိုက်ရခြင်း ဖြစ်သည်။

သင်္ဘောကြီးနှင့်တွေ့လိုက်တော့ သူတို့လူပေါင်း ၁၈ ယောက် အနက် ၁၁ ယောက်သာ ကျန်ခဲ့သည်။ သင်္ဘောပေါ် ရောက်ပြီးမှ တစ်ယောက်ထပ်ပြီး ကွယ်လွန်ပြန်သည်။ လူ ၁၀ ယောက်သာ လျှင် မသေမပျောက် ကျန်ခဲ့သည်။

ဘီတီလို အရေးအသားကောင်းလှသော လူတစ်ယောက် က ဤအတွေ့အကြုံကို ပြည့်စုံအောင်သာ ရေးလိုက်ရလျှင် အဘယ်မျှ စိတ်ဝင်စားဖွယ်ရာ ကောင်းလေမည်နည်း။ သို့သော် ကျွန်တော် မတိုက်တွန်းလိုတော့ပါ။ မတိုက်တွန်းရက်တော့ပါ။

ဘီတီကို ငေးစိုက်ကြည့်နေရင်း ကျွန်တော့် မိတ်ဆွေကြီး ကိုကျော်မြသန်းကို သွားပြီး သတိရလိုက်မိပြန်သည်။ သူနှင့် အတူ စာပေခရီးအတော်များများကို ထွက်ခဲ့ရသည်။ ထို့ကြောင့် သူ့ဝတ္ထုများအကြောင်းကိုရော သူ့အကြောင်းကိုပါ အတော်လေး သိခွင့်ရနေခဲ့သည်။ ဘုရားတရားသမား၊ စိတ်ဖြောင့်လူဖြောင့်။ သို့သော် ခေါင်းမာပုံတော့ရသည်။ တကယ့်လူတွေနှင့် ရင်ဆိုင် ပြီး မဟုတ်မခံတွယ်ခဲ့သူ ဖြစ်သည်။

သူရေးခဲ့သည့် ဘိုးတော်ဝတ္ထုတွေအကြောင်း စကားစပ်မိ တော့ ကျွန်တော်က သူ့ကို မေးကြည့်မိသည်။

"နေပါဦးဗျ၊ ခင်ဗျားဝတ္ထုထဲက ဘိုးတော်ခင်မောင်ဦး ဆိုတာက အပြင်မှာ တကယ်ရှိတာလား"

"တကယ်ရှိပါတယ် ဆရာရဲ့၊ ခုလဲရှိနေတာပါပဲ"

"ဟုတ်လား၊ ခုလဲ ဒီလိုပဲ ဘိုးတော်လုပ်နေတာပဲလား"

"လုပ်နေတာပါပဲဆရာ၊ ယုံတဲ့လူတွေလဲ ရှိနေတာပါပဲ"

"သူ့နာမည်က အပြင်မှာလဲ ခင်မောင်ဦးပဲလား"

"ဟာ ဒီလိုတော့လဲ ဘယ်ဟုတ်မလဲဆရာ။ ခင်မောင်ဦး ဆိုတာက ကျွန်တော့်ရဲ့ စိတ်ကူးဇာတ်ကောင်။ ကျွန်တော် ဖန်တီးထားတာ။ အင်းနဲနဲတော့ ရှုပ်သွားလိမ့်မယ်။ ဒီလိုဆရာ အပြင်မှာ တကယ်ရှိနေတဲ့ အဲဒီပုဂ္ဂိုလ်နေရာမှာ ခင်မောင်ဦး ဆိုတဲ့ ဇာတ်ကောင်ကို ကျွန်တော်က ဖန်တီးလိုက်တယ်။ အဲဒီ ဇာတ်ကောင်က တကယ့်လူဘိုးတော်နဲ့ ဘာဆိုဘာမှမတူအောင် ပုံပန်းသွင်ပြင်တွေ အကုန်ပြောင်းထားတယ်။ ဒါပေမဲ့ သူတို့ ဘိုးတော်လုပ်ငန်းတွေအားလုံးကတော့ တစ်ခုမကျန် အကုန်လုံး အမှန်တွေချည်းပဲ"

"ဒါဖြင့် ခင်ဗျားဝတ္ထုကို ဖတ်တဲ့လူတွေက ခင်မောင်ဦး ဆိုတာ ဘယ်သူဘယ်ဝါကို ပြောတာပဲရယ်လို့ လုံးဝ မရိပ်မိနိုင် ဘူးပေါ့"

"လုံးဝ မရိပ်မိနိုင်ဘူးပေါ့ဆရာ။ ကျွန်တော်က တမင်ကို မရိပ်မိအောင် လုပ်ထားလိုက်တာပဲ။ သူတင်မကဘူး အဲဒီထဲမှာ ပါတဲ့လူတွေ၊ ယုံကြည်ကြတဲ့သူတွေ၊ အလိမ်ခံရတဲ့သူတွေ အားလုံးကို ရုပ်ပြောင်းရုပ်လွှဲ လုပ်ပစ်လိုက်ပါတယ်။"

"ဘာပြုလို့လဲ၊ အန္တရာယ်များမှာ ကြောက်လို့လား"

"ကြောက်လို့တော့ ဘယ်ဟုတ်မလဲဆရာ။ သူတို့က ကျွန်တော့်ကို ဘာလုပ်နိုင်တာမှတ်လို့။ သူတို့ထက်ကြောက်စရာကောင်းတဲ့လူတွေကိုတောင် ရင်ဆိုင်ပြီး တွယ်ခဲ့သေးတာပဲ။ ကျွန်တော်က သူတို့ကို လူပုဂ္ဂိုလ်အရ မလိုမုန်းထားလို့ ဒီအကြောင်းတွေကို ရေးတာမှမဟုတ်ဘဲ။ သူတို့လုပ်နည်းလုပ်ဟန်တွေသာ စာဖတ်သူတွေသိအောင် ပြောပြချင်တာ။ တကယ်လို့ ပြူးတူးပြတဲ ထင်းကနဲနေအောင် ရေးလိုက်ရမယ်ဆိုရင် သူ့ဘဝလဲ အတော်ကြီးထိခိုက် သွားနိုင်တယ်။ နောက်ပြီး အလိမ်ခံရတဲ့လူတွေ အလွန်ရှက်သွားကြမှာပေါ့ဆရာ။ သူတို့ပတ်ဝန်းကျင်မှာ အတော်ကို အနေရအထိုင်ရ ခက်သွားကြမှာပေါ့။ ကျွန်တော်က အဲဒီလို မဖြစ်စေချင်ဘူး။ သူတပါးကို အရှက်တကွဲအကျိုးနည်း ဖြစ်အောင်ရေးပြီးမှ နာမည်ကြီးရတာမျိုး၊ ပိုက်ဆံရတာမျိုးကိုလဲ မလိုချင်ပါဘူး ဆရာ။ မလုပ်ကောင်းဘူးပေါ့ဆရာရယ်။ ဒါကတော့ ကျွန်တော့် ခံယူချက်ပဲဆိုပါတော့။ တချို့ဆိုရင် ခင်မောင်ဦးဟာ ဘယ်သူလဲ၊ ဘယ်မှာနေသလဲ ဆိုတာ လာလာမေးကြတာပေါ့။ ကျွန်တော် တောင်းပန်လွှတ်လိုက်တာချည်းပါပဲ။ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ပါဘူး။ မပြောအပ်ဘူးပေါ့ ဆရာ"

ကျော်မြသန်းအကြောင်းကို စဉ်းစားနေမိစဉ်အတွင်းမှာ ပင် ဘီတီကြီးထံမှ သက်ပြင်းတစ်ချက်ချသံကြားလိုက်ရပြီး -

"ဒီလို ဦးအောင်သင်းရာ၊ ကျွန်တော်တို့ စာရေးတာ ဘာကြောင့်ရေးကြသလဲ။ နာမည်ကြီးရုံ၊ ပိုက်ဆံရရုံရယ်လို့ သဘောထားရင် ဘယ်မှာကောင်းနိုင်ပါတော့မလဲ။ ကိုယ်တွေ့ ဖြစ်ရပ်ပဲ၊ အဖြစ်မှန်ပါပဲဆိုရုံလောက်နဲ့ ရေးသင့်တယ်လို့ ကျွန်တော် မထင်ဘူး။ စာဖတ်သူအတွက် ဘယ်လောက်အကျိုးပြုနိုင်သလဲ။ ဒီထက်တစ်ဆင့်တက်ပြီး ပြောလိုက်ရမယ်ဆိုရင် လောကကို ဘယ်လောက်အကျိုးပြုသလဲဆိုတာလဲ ထည့်ပြီးစဉ်းစားကြရမှာပဲ။ လောကကို ဘာတစ်စက်မှ အကျိုးမပြုနိုင်တဲ့ပြင် တချို့သော သူတွေအတွက် နစ်နာနိုင်တယ်ဆိုရင် ကျွန်တော် ဘယ်တော့မှ မရေးချင်ဘူး"

*

ကျွန်တော်သည် ဘိတ်ကြီး၏စကားကို ကြားလိုက်ရသောအခါ အင်္ဂုတ္တိုရ်နိကာယ် ဗြဟ္မဇာဝဂ်၊ သုတသုတ်ကိုသွားပြီး သတိရလိုက်မိပါသည်။

ဝဿကာရပုဏ္ဏားက ဘုရားရှင်အား -

"အရှင်ဂေါတမ ဘယ်သူမဆို မြင်သည်ကို 'ဤသို့ငါမြင်သည်'၊ ကြားသည်ကို 'ဤသို့ငါကြားသည်'၊ တွေ့သည်ကို 'ဤသို့ငါတွေ့သည်'၊ သိသည်ကို 'ဤသို့ငါသိသည်'ဟု ပြောဆိုမှု၊ ထိုသို့ပြောဆိုရာ၌ အပြစ်မရှိဟု အကျွန်ုပ်တို့ အယူရှိပါသည်"

ဘုရားရှင်က -

"ပုဏ္ဏား မြင်ရသမျှကို ပြောဆိုအပ်၏ဟု ငါမဆို၊ မပြော အပ်ဟုလည်း ငါမဆို။ ထို့အတူ ကြားရသမျှ၊ တွေ့ရသမျှ၊ သိရ သမျှကို ပြောဆိုအပ်၏ဟုလည်း ငါမဆို၊ မပြောဆိုအပ်ဟုလည်း ငါမဆို။"

"ပုဏ္ဏား မြင်ရသည်ကို ပြောဆိုသောသူအား အကုသိုလ် တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်မူ ဤသို့ သော မြင်ခြင်းကို မဆိုအပ်ဟု ငါဆို၏။ ပုဏ္ဏား မြင်ရသည်ကို မပြောဆိုသော သူအား ကုသိုလ်တရားတို့ ဆုတ်ယုတ်၍ အကုသိုလ်တရားတို့ တိုးပွားကုန်မူ ဤသို့သောမြင်ခြင်းကို ပြောဆိုအပ်၏ဟု ငါဆို၏။"

"ပုဏ္ဏား ထို့အတူ ကြားခြင်း၊ တွေ့ခြင်း၊ သိခြင်းတို့ကို လည်း ကုသိုလ်ဆုတ်ယုတ်၍ အကုသိုလ်တိုးပွားမူ မပြောဆို အပ်၊ ကုသိုလ်တိုးပွား၍ အကုသိုလ်ဆုတ်ယုတ်မူ ပြောအပ်၏ ဟုသာ ငါဆို၏"

ကျွန်တော့်စိတ်ထဲတွင် ဘီတီနှင့် ကိုကျော်မြသန်းတို့ နှစ်ယောက်အကြောင်းကို တွေးနေမိသည်။

ဘီတီသည် သရော်စာရေးရာ၌ နာမည်ကြီးလှသူ ဖြစ် သည်။ သူ့ကို တွေ့လိုက်ရသည်နှင့် သရော်လှောင်ပြောင်သော ဟာသစကားများကို ကြားလိုက်ရမြဲ ဖြစ်သည်။ လောက၏ ကမောက်ကမ ကိစ္စများကို အလွန်လည်း မြင်တတ်သည်။

ကြားလည်းကြားရတတ်သည်။ သူ့မှာ အထူးသတင်းထောက်တွေများ ရှိနေဘိသကဲ့သို့ ကြံကြံဖန်ဖန် ကတ်သီးကတ်သတ် သတင်းမျိုးကို ရလည်းရတတ်သည်။ ထိုထိုသောကြားရသမျှ ကိစ္စကို ဟာသမြောက်ရအောင်လည်း ပြောတတ်သည်။

သို့သော်လည်း တဖက်သား၏ ဂုဏ်သရေ ပုဂ္ဂိုလ်ရေးရာ ထိပါးသည့်စကားမျိုးကို ပြောသံတခါမျှ ကျွန်တော်မကြားခဲ့ဖူးပါ။ သူ့လျှာ၊ သူ့နှုတ်ခမ်းတို့သည် ထိုသို့သော အဆင့်မျိုးသို့ ဘယ်တော့မျှ ဆင်းမသွားဟု ကျွန်တော်ဆိုချင်ပါသည်။

ကိုကျော်မြသန်း၏ စရိုက်နှင့် သတ္တိအတွေ့အကြုံတို့ကို သူ၏ စာအုပ်များကို ဖတ်ကြည့်လျှင်ပင် အတန်အသင့်သိနိုင်ပါသည်။ သူသည် ရဲရင့်ဝံ့စားသော လူတစ်ယောက်ဖြစ်သည်ဟု ဆိုနိုင်သည်။ သို့ပါလျက်နှင့်လည်း ဘိုးတော် ခင်မောင်ဦးလို လူမျိုးကိုပင် ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ရေးသည်။ သိချင်လွန်းလှသူ အချို့က လူတွေ့ပြီးမေးသည်ကိုပင် ယဉ်ကျေးစွာ ငြင်းပယ်သည်။ သူသည် သတင်းပေးသူ ဖြစ်သည်။ အတင်းပြောသူတော့ မဟုတ်။ သူသည် လိမ်နည်းလိမ်ဟန်များကို ဖော်ထုတ်သည်။ လိမ်သူများ ပုဂ္ဂိုလ်ရေးရာ ရုပ်လုံးကို ဖော်ပြရန် အလွန်ဝန်လေးသည်။ အစွမ်းကုန် အကာအကွယ် ပေးထားသည်။ သူသည် လိမ်သူကို မလိုမုန်းထားခြင်းကြောင့် စာရေးခြင်း မဟုတ်။ အမှန်ကို မြတ်နိုးခြင်း၊ ပြည်သူကို ချစ်ခြင်းကြောင့်သာ စာရေးသူ ဖြစ်သည်ဟု ဆိုနိုင်သည်။

ဤသို့လျှင် အတွေ့အကြုံကို ရေးဖွဲ့တတ်သူတို့၏ အကြောင်းကို ကျွန်တော် စဉ်းစားမိလျှင် သတင်းစာဆရာကြီး လူထုဦးလှအကြောင်းကိုသတိရမိသည်။ သူသည် စူးစူးစမ်းစမ်း ရှာဖွေပြီး ရေးတတ်သူဖြစ်ကြောင်း သူ့စာများကို ဖတ်ကြည့်လျှင် အလွန်သိသာပါသည်။ သူသည် ယုတ်မာမှုကို မုန်းသည်။ ယုတ်မာမှုကြောင့် ဒုက္ခရောက်ကြရရှာသော တဖက်သားခများ များကို အလွန်သနားသည်။ ထိုသို့သော ကရုဏာစိတ်ဖြင့် ရေးသည်။ သို့သော် ယုတ်မာမှုကို ပြုသောသူတို့၏ ရုပ်လုံးသွင်ပြင်ကို ပေါ်လွင်အောင် ရေးခဲ့ဖူးသည်ဟု ကျွန်တော်မမှတ်မိ။ သတ္တိနည်းသောကြောင့်ဟု လုံးဝမဆိုနိုင်။ ရေးအပ်သည်ဟု ယုံကြည်လျှင် ဝံ့ဝံ့စားစားရေးခဲ့သော သတင်းစာဆရာကြီးတစ်ယောက် ဖြစ်သည်။

ကျွန်တော့်အဖို့တော့ အင်္ဂုတ္တိုရ်နိကာယ်၊ စတုက္ကနိပါတ်၊ အပဏ္ဏကာဂ်၊ သပ္ပုရိသသုတ် မြန်မာပြန်ကို သတိရမိလေပြန်ပါလေပြီ။

"ရဟန်းတို့ ဤလောက၌ သူယုတ်သည် တစ်ပါး၏ကျေးဇူးမဲ့ကို (အပြစ်ကို) မမေးသော်လည်း ထင်စွာပြု၏။ မေးသော်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ပြဿနာအလို့ငှာ ရှေ့ရှုဆောင်၍ မေးသည်ရှိသော် (အကြောင်းအားလျော်စွာ လိုအပ်၍ မေးသည်ရှိသော်) မယုတ်လျော့စေမူ၍ မဆိုင်းမတွ ပြည့်ပြည့်စုံစုံ

အကျယ်တဝင့် သူတပါးကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့ ဤသူကား သူယုတ်တည်းဟု သိရမည့်အကြောင်းတည်း"

"ရဟန်းတို့ ဤလောက၌ သူတော်ကောင်းသည်သူတပါး၏ ကျေးဇူးမဲ့ကို မေးသော်လည်းထင်စွာမပြ။ မမေးသော်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပြဿနာအလို့ငှာ ရှေ့ရှုဆောင်၍ မေးအပ်သည်ရှိသော် ယုတ်လျော့စေ၍ ဆိုင်းဆိုင်းတွတွ မပြည့်မစုံ အကျယ်မဖွင့်ဘဲ သူတပါး၏ကျေးဇူးမဲ့ကို ပြောဆိုတတ်၏။ ရဟန်းတို့ ဤကား သူတော်ကောင်းဟု သိရမည့် အကြောင်းတည်း။"

ကျွန်တော်သည် ဘီတီကြီး၊ ကျော်မြသန်း၊ လူထုဦးလှစသော ပုဂ္ဂိုလ်များအကြောင်းကို ဆက်ပြီးစဉ်းစားမိနေပြန်သည်။ သူတို့သည် အတွေ့အကြုံလည်း ကြီးကြ၏။ အတွေးအကြံလည်း ကောင်းကြ၏။ အရေးအသားလည်း ရဲရင့်ကြ၏။ သို့ပါလျက် ခုခံနိုင်စွမ်းမဲ့ကြရှာသည့် သူတို့၏ပုဂ္ဂိုလ်ရေးရာများကိုလည်းကောင်း၊ ချေပနိုင်ခွင့်မဲ့ရှာသည့် ကွယ်လွန်သူတို့၏ ပုဂ္ဂိုလ်ရေးရာများကိုလည်းကောင်း မရေးရက်ကြ၊ မရေးရဲကြချေ။

ဩော် . . . သူတို့ မရေးရဲကြသည်ကား . . . ။

❋ ❋ ❋

## မိဘပေးသောအမွေ

အမှန်ပြောရလျှင် 'ဟိုခေါင်းစဉ်နှင့်ရေးပေးပါ၊ သည်ခေါင်းစဉ်နှင့် ရေးပေးပါ' ဆိုတာမျိုးတွေကို ကျွန်တော်မရေးချင်။ အထူးသဖြင့် စာရေးဆရာအများကို ရေးစေ၍ စုပေါင်းထုတ်ဝေသည်တို့ကို ပိုလို့ပင် မရေးချင်။ ထို့ထက်ပို၍ အထူးသဖြင့် ဤခေါင်းစဉ်မျိုးကို မရေးချင်။ အကြောင်းရှိပါသည်။

ကျွန်တော့်အသက် ကိုးနှစ်ဆယ်နှစ်သားလောက်အထိ ကျွန်တော်တို့မိသားစုမှာ ပျော်စရာကောင်းလှသည်။ ယခုပြန်တွေးလိုက်လျှင် အခုပင် ပြန်လည်လွမ်းမိပါသေးသည်။

ဒွ န် မွ င် စ ာ အု ပ် တို က်

ကျွန်တော် အသက်(၁၁)နှစ်အရွယ်တွင် ကျွန်တော့်မိခင် ဆုံးပါးသွားခဲ့သည်။ ကျွန်တော့်ဖခင်မှာ ကျွန်တော်တို့ မောင်နှမသုံးယောက်နှင့် ကျန်ရစ်ခဲ့သည်။ နောက်ပိုင်းတွင် သူလည်းအတော်လေး စိတ်လေဟန် ရှိပါသည်။ သုံးလေးနှစ်လောက်ရှိတော့ ကျွန်တော့်ဖခင် နောက်အိမ်ထောင်ထူပါသည်။ နောက်ပိုင်းတွင် ကျွန်တော်လည်း အိမ်မှာ မပျော်တော့သည်နှင့် စစ်ကြီးဖြစ်လို့ ဂျပန်ခေတ်အစပိုင်းတွင် အိမ်ကထွက်လာခဲ့ပြီး မိခင်၏ညီမဖြစ်သူ အဒေါ်တို့မောင်နှံနှင့် သွားနေခဲ့သည်။ အဒေါ်ဆိုသော်လည်း ကျွန်တော့်အဖို့ ဒုတိယမိခင် ဖြစ်ခဲ့ပါလေသည်။ ထိုကဲ့သို့ အိမ်ကဆင်းလာခဲ့ပြီးသည့်နောက် ဆယ့်လေးနှစ်တိုင်တိုင် ကျွန်တော့်ဖခင်နှင့်မတွေ့အောင် ရှောင်ခဲ့သည်။ ထိုဆယ့်လေးနှစ်ကာလအတွင်း သုံးကြိမ်လောက် မလွှဲသာမရှောင်သာ တွေ့ဖူးသည်။ သူကစကားပြော ချင်သည်။ ကျွန်တော်ကတိုတိုဖြတ်ပြီး ထွက်လာခဲ့သည်ချည်းဖြစ်သည်။ **(လူငယ်တွေမမှားသင့်သောကိစ္စတစ်ခုကို ပြောလိုက်ရပါဦးမည်)** ကျွန်တော့်စိတ်ထဲတွင် အဖေကိုအမွေဖြတ်လိုက်ပြီဟု သဘောထားခဲ့ပါလေသည်။

ကျွန်တော် ဆယ်တန်းအောင်သည့်နှစ်တွင် ကျွန်တော့်ဖခင်မှာ စီးပွားရေးအလွန်ကောင်းနေချိန်ဖြစ်သည်။ သူ့ညီတော်မောင်တစ်ယောက်အား ကျွန်တော့်ကို လိုက်အရှာခိုင်း

သည်။ ကျွန်တော်ကလည်း အပေါင်းအသင်း အလည်အပတ်များသူမို့ နံနက် ၈ နာရီလောက် မြင်းလှည်းတစ်စီးနှင့် ဟိုမေးဒီမေး ခြေရာခံလိုက်ရသည်မှာ နေ့လည် ၁ နာရီလောက်ကျမှ တွေ့သည်။ ကျွန်တော့်ကို မြင်းလှည်းနှင့် တင်ခေါ်သွားပြီး ဖခင်နှင့် တွေ့ပေးပါသည်။ ဖခင်က ကျွန်တော့်ကိုစကားကမ်းလှမ်းသည်က "တက္ကသိုလ်ကို ဆက်တက်ပါ၊ စရိတ်အားလုံးကို ထောက်မည်။ သို့သော်သူ့ဇနီးကိုလည်း အသိပေးရမည် ဖြစ်သောကြောင့် အိမ်ကိုဝင်ပါထွက်ပါ၊ သူ့ဇနီးနှင့် ရင်းရင်းနှီးနှီး စကားပြောပါဆိုပါ"ဟူ၍ ဖြစ်သည်။

ကျွန်တော်က -

"ဖေဖေ-ကျွန်တော့်ကို ဘွဲ့ရစေချင်တာ မဟုတ်လား၊ ရပါစေ့မယ်။ ဒါပေမယ့် ဖေဖေတို့မိသားစုထူထောင်ထားတဲ့ အစီးအပွားနဲ့ထောက်ပံ့လို့ ဘွဲ့ရတာမျိုးကို မလိုချင်ပါဘူး" ဟု အပြတ်ပြောခဲ့သည်။

၁၄ နှစ်တိုင်တိုင် စကားမပြောဘဲ ရှောင်နေခဲ့သည်ဟု အထက်တွင် ဆိုခဲ့ပါသည်။ ရယ်စရာကောင်းတာက ဖြစ်လာပြန်သေးသည်။ မင်္ဂလာဆောင်မယ်လုပ်တော့ တစ်ဘက်သမီးရှင် မိဘများက မိဘစုံညီလာတောင်းပါဆိုတော့ သူ့ကို ချန်ထားလို့ မရတော့။ ဒီအချိန်မှာ ကျွန်တော်က အလယ်တန်းဆရာ သုံးနှစ်လောက်လုပ်ပြီးသည်သာမက အလုပ်ထွက်ပြီး တက္ကသိုလ်

ပင် တက်နေပါပြီ။ သည်တော့ သူဆီသွားပြီး ရယ်ကာမောကာ ပင် မိန်းမလိုက်တောင်းပေးဖို့ ပြောရသည်။ သူတို့ မောင်နှံ ကလည်း စိတ်အားထက်သန်စွာ လိုက်ပါခဲ့ပါသည်။ ကျွန်တော့် အဒေါ်မောင်နှံကတော့ လက်ရင်းမိဘ ဖြစ်နေပါလေပြီ။ ကျွန်တော့်အဖေအရင်းက အရံမိဘသဘောမျိုးပင် သက်ရောက် နေပါသည်။

ကျွန်တော် ဆယ်တန်းအောင်သောနေ့ကပေးလိုက်သည့် မုန့်ဖိုးငွေ ၂ဝ မှအပ ဖခင်ထံမှ ဘာတစ်ပြားကိုမျှ မယူခဲ့ပါချေ။ ကုန်ကုန်ပြောလိုက်လျှင် ယခုတောင်တွင်းကြီးမြို့တွင် ကျွန်တော့် မိရင်းဖရင်းပိုင် မြေတစ်ကွက်ရှိနေသေးသည်။ ကျွန်တော့်တစ်ဦး တည်းသော ညီအား "မင်းဘာသာ နေချင်နေ၊ ရောင်းချင်ရောင်း၊ ငါကတော့ နေမှာလဲ မဟုတ်ဘူး၊ တစ်ပြားမှလဲ မလိုချင်ဘူး"ဟု ပြောခဲ့သည်။

ထို့ကြောင့် မိဘပေးသောအမွေ ကျွန်တော့်မှာ တစ်ပြား တစ်ချပ်မှ မရှိပါ။

သို့လင့်ကစား မကြာခဏ ပြန်လည်သတိရမိသည်တို့ကို ပြောလိုက်ချင်ပါသေးသည်။

❀

ကျွန်တော်က သားဦးကြီးဖြစ်သောကြောင့် ဖေဖေက

ကျွန်တော့်ကို အလွန်ချစ်သည်။ အလွန်လည်း အထင်ကြီးသည်။ ကျွန်တော်ကလေးဘဝက အသုံးအဆောင်များမှာ ရိုးကုမ္ပဏီ ထွက်ပစ္စည်းတွေသာများသည်ကို နောင်အခါမှ သိလာရသည်။ ဒါတွေ အရေးမကြီးလှပါ။ ကျွန်တော့်အဖေက ဘုန်းကြီးကျောင်း ထွက် ဖြစ်သည်။ အလီပေါင်းကိုပင် ရပါရဲ့လား၊ 'နော ဧက နော၊ နဝ ဒွေး အဌာရသ' ဟူသော ကိုးကြောင်းလက်ာနှင့် စခန်းသွားခဲ့လေသလားဟု တွေးနေမိသည်။ သို့သော်လည်း စာကြီး ပေကြီးတွေကိုတော့ ဖတ်ပုံရသည်။ အိမ်တွင် ငါးရာ့ငါးဆယ် နိပါတ်တွေ၊ သံဝေဂဒီပနီ၊ ဓမ္မပဒဝတ္ထုတော်ကြီး စတာတွေကို တွေ့ရသည်။ ကျွန်တော်စာဖတ်တတ်စ သုံးတန်းလောက်ကပင် ဒီစာတွေကို ဖတ်နေခဲ့လေပြီ။ ထို့ပြင် ကျွန်တော့်ဖခင်က ပုံပြော ကောင်းသူတစ်ဦး ဖြစ်သည်။ "ယောသကသူဌေးသား" ဝတ္ထု အကြောင်းကို သူက ပြောပြရာတွင် စိတ်ဝင်စားလှသောကြောင့် ထိုဝတ္ထုကြီးကိုရှာဖတ်သည်။ ဇာတ်လမ်းရှည်ဝတ္ထုကြီး တစ်ပုဒ် ဖြစ်သည်။ ကျွန်တော်အခေါက်ခေါက် ဖတ်မိခဲ့ဖူးသည်ကို မှတ်မိ နေသေးသည်။

ကျွန်တော် သုံးတန်းအောင်သောနှစ်တွင် တောင်တွင်းကြီး ရွှေအင်းတောင် ဘုရားပွဲတော်ဈေး စာအုပ်ဆိုင်မှ ဇာတ်ကြီး ဆယ်ဘွဲ့စာအုပ်တွေကို ဆုအဖြစ်ဝယ်ပေးခဲ့သည်။ ဇာတ်ကြီး ဆယ်ဘွဲ့တွင် တေမိဇာတ်(ထင်သည်)မှအပ အကုန်ဝယ်လို့ရခဲ့သည်။

ဘုရားပွဲဈေးကဝယ်သည်ဟု ဆိုလိုက်သည်ကို ယခုခေတ် လူငယ်များ နားလည်နိုင်မည်မဟုတ်။ ထို့ကြောင့် ရှင်းပြလိုက်ရပါဦးမည်။

ကျွန်တော်တို့ငယ်စဉ်က စာအုပ်ဆိုင် အလွန်ရှားပါးသည်။ ကျောင်းသုံးနှင့်ခေတ်ပေါ် မဂ္ဂဇင်း၊ ဝတ္ထုတွေလောက်ကိုသာ တင်သော စာအုပ်ဆိုင်များသာ ဖြစ်ချေသည်။ ဇာတ်တော်၊ နိပါတ်တော်တို့ လိုစာကြီးပေကြီးတွေကို ရောင်းသောစာအုပ်ဆိုင် ဆိုသည်မှာ ရန်ကုန်လို၊ မန္တလေးလိုမြို့ကြီးတွေမှာသာ ရှိသည်။ ဆယ့်နှစ်ပွဲတော်ဈေးသည်များတွင် စာအုပ်ဈေးသည်လည်း ပါသည်။ သူတို့သည် နာမည်ကြီးဘုရားပွဲတော်များသို့ လှည့်လည်ရောင်းချလေ့ ရှိသည်။ ထို့ကြောင့် ဘုရားပွဲတော်ရောက်မှ ထိုစာအုပ်မျိုးကို ဝယ်ယူရရှိနိုင်ပါသည်။

ဤသို့အားဖြင့် ကျွန်တော်သည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် စာဖတ်ဝါသနာ ထုထောင်မိခဲ့သည်သာမက မြန်မာစာကြီးပေကြီးနှင့် ရင်းနှီးခွင့်ရခဲ့ပါသည်။

နောက်တစ်ခုရှိသေးသည်။

တောင်တွင်းကြီးမြို့တွင် တို့ဗမာအစည်းအရုံး စတင်တည်ထောင်သူမှာ သခင်ခင်မောင်ဦးနှင့် ကျွန်တော့်ဖခင် သခင်ညီမောင်တို့နှစ်ယောက်ဖြစ်ကြောင်း စာပေဟောပြောပွဲစင်မြင့်တွင် ကျွန်တော်အကြိမ်ကြိမ်ပြောခဲ့ဖူးပါသည်။ ကျွန်တော့်

ဖခင်က ဥက္ကဋ္ဌ၊ သခင်ခင်မောင်ဦးက အတွင်းရေးမှူး။ သို့သော် စင်စစ်အားဖြင့် သခင်ခင်မောင်ဦးက ခေါင်းဆောင်၊ သခင် ညီမောင်က နောက်မှုသာ ဖြစ်ပါသည်။ သခင်ခင်မောင်ဦးက ထိုခေတ်က ဆယ်တန်းအောင်သည့်ပြင် သူ့ဖခင်က အင်္ဂလိပ် အစစ်မို့ အင်္ဂလိပ်လို အပြောရောအရေးပါ အလွန်ကျွမ်းသည်။ ထို့ပြင် ထိုခေတ်က အင်္ဂလိပ်မြန်မာသတင်းစာ ဆယ်စောင် လောက်၏ တောင်တွင်းကြီး သတင်းထောက်လည်း ဖြစ်နေသေး သည်။ ထို့ကြောင့် ဗဟုသုတလည်း ရှိသည်။

(သခင် ခင်မောင်ဦးမှာ အလွန်ထူးခြားသူ ဖြစ်သော ကြောင့် ကျွန်တော်မှတ်မိသမျှ သူ့အကြောင်းကို ရေးဦးမည်ဟု ရည်ရွယ်ထားပါသည်။)

သည်လို သခင်ညီမောင်ဖြစ်လာတော့ တို့ဗမာအစည်း အရုံးဝင်သခင်တွေက စည်းရုံးရေးဆင်းလာလိုက်ပြီဆိုလျှင် ကျွန်တော်တို့အိမ်မှာ တည်းတတ်ကြသည်။ ကြာကြာတော့ မဟုတ်၊ အလွန်ဆုံးနှစ်ညအိပ်ပါပဲ။ ကျွန်တော့်ဖခင်က တရားပွဲ အတွက် ဖိတ်ကြားဆော်သြပေးရပါသည်။ တစ်ခါမှာတော့ဖြင့် (ကျွန်တော်မှတ်မိသလောက်) သခင်ရှိန်၊ သခင်ထွန်းတင်နှင့် သခင်ခကြီးတို့ရောက်လာသည်။ သခင်ခကြီးကို ကုလားကြီးဟု ကျွန်တော် မှတ်မိနေသည်။ ကျွန်တော့်မိခင် ဒေါ်ရွှေကြင် ကလည်း ထိုကဲ့သို့ပင်ထင်ပုံရသည်။ သခင်တွေကို ထမင်းကျွေး

ရတော့မည်ဆိုတော့ သူကလည်း ထမင်းတွေဘာတွေကိုချက်နှင့် ပြုတ်နှင့် ထားပြီပေါ့။ ခက်နေသည်က သခင်ခနှင့် ဝက်သား ဟင်း။ ဒီအခါမှာ ကျွန်တော်က သခင်တွေ စကားပြောနေသည် ကို ငုတ်တုပ်ကလေး နားထောင်နေသော အောင်သင်း ပေါက်စ။

ကျွန်တော့်မိခင်က မီးဖိုခန်းမှ လှမ်း၍ "ကိုညီမောင်ရေ- ခဏ" ခေါ် လိုက်တော့ ကျွန်တော့်ဖခင် မီးဖိုခန်းဆီသို့ ထသွား ရသည်။ ခဏရှိတော့ ကျွန်တော့်ဖခင်က မရွှံ့မရဲ အားတုံ့အားနာ သခင်ခကြီးအနား ကပ်သွားပြီး ဘာပြောလိုက်သည်မသိ၊ သခင် ခကြီးက ကျွန်တော့်ဖခင်ကို ဘာမျှမပြောတော့ဘဲ အသံသြကြီး နှင့် မီးဖိုခန်းဘက်သို့လှမ်း၍ -

"ဆရာကတော်ရေ - အဆီနဲ့အခေါက်ကလေး များများ ထည့်လိုက်စမ်းပါ"ဟု အော်ပြောလိုက်သောကြောင့် မီးဖိုထဲက လူတွေရော၊ အပြင်ကလူတွေပါ အုံးခနဲ ပွဲကျသွားသည်ကိုတော့ ဖြင့် ခုထက်ထိ မှတ်မိနေပါသေးသည်။

ထိုကဲ့သို့ သခင်ညီမောင် ဖြစ်လာလေတော့ အိမ်မှာ 'ကြွေးကြော်သံမဂ္ဂဇင်း'တို့ 'စနေနဂါးနီ'တို့ 'ဆယ်သန်း'တို့ 'တိုးတက်ရေး'တို့၊ ဒီးဒုတ်ဂျာနယ်'တို့စသည့် စာစောင်တွေက မျက်စိအောက် ရောက်လာနေပြန်တော့သည်။ ကျွန်တော်က လေးငါးတန်းလောက်သာ ရှိသေးသော်လည်း ထိုစာတွေထဲက ကိုယ်ကြိုက်တဲ့ အရုပ်တွေ၊ ကာတွန်းတွေကိုကြည့်၊ ကိုယ်နား

လည်တာတွေကို ဖတ်။ ဤသို့အားဖြင့် ခေတ်ရှေ့ပြေးနေသော စာတွေနှင့် ရင်းနှီးခွင့်ရမှန်းမသိ ရလာခဲ့ပြန်ပါသည်။

✽

ကျွန်တော့်ဖခင်၏ စရိုက်သဘာဝကို ယခု ကျွန်တော် ပြန်ပြီး သုံးသပ်ကြည့်နေမိပါသည်။

သူသည် အလွန်ရိုးသားသည်။ သူထင်ရာ၊ ယုံကြည်ရာကို လုပ်မိပြီဆိုလျှင် ပတ်ဝန်းကျင်က ဘာတွေပြောနေနေ၊ ဘယ်လိုထင်နေနေ လုပ်နေတတ်သည်။ ဖဆပလ လွှမ်းမိုးကြီးစိုးနေချိန်တွင် သူက ပမညတ အမတ်လောင်းအဖြစ် အရွေးခံသည်။ အရွေးခံရသောကြောင့် အမတ်ဖြစ်လိုက်သေးသည်။ (စကားစပ်မိလာသောကြောင့် ပြောလိုက်ရပါဦးမည်။ ထိုရွေးကောက်ပွဲတွင် သူကတောင်တွင်း မဲဆန္ဒနယ်မြောက်ပိုင်းက အရွေးခံခြင်း ဖြစ်သည်။ ကျွန်တော့်ကို တောင်ပိုင်း မဲဆန္ဒနယ်က အရွေးခံဖို့ ပမညတတွေက လာပြောကြသေးသည်။ ကျွန်တော်ဝင်ပြိုင်လျှင် အရွေးခံမည်မှာ သေချာသည်။ သို့သော် ကျွန်တော်က နိုင်ငံရေးကို 'နံပြတ်'နေပြီမို့ လုံးဝငြင်းလိုက်သည်။ အကယ်၍များလက်ခံလိုက်လျှင် သားအဖနှစ်ယောက် ပမညတ အမတ်နှစ်ပါးအဖြစ် ပါလီမန်တက်နေရမည် ထင်သည်။)

နောက်တစ်ခုက ကျွန်တော့်ဖခင်သည် အလွန်ယုံလွယ်

သည်။ မှတ်မိတာတစ်ခု ရှိသေးသည်။ အာမခံကြွေး ဆပ်ရခြင်း ဖြစ်သည်။ ၂၅၀/- ဟုပြောသံကြားခဲ့ရသည်။ ရွှေတစ်ကျပ်သား ၂၇ ကျပ်လောက်ခေတ်က ၂၅၀ ဆိုသောငွေကို မှန်းဆနိုင်ပါ သည်။ အတိုးပါ လစဉ်ခွဲဆပ်ရသည်ဖြစ်သောကြောင့် ငွေရေး ကြေးရေး မပြေလည်သည့်လများတွင် ကျွန်တော့် မိခင်နှင့် ပူပင်စွာ ပြောဆိုနေခဲ့သည်တို့ကို နားမလည်ပါးမလည်နှင့် ကျွန်တော်ပါ ဘေးကစိတ်မကောင်းဖြစ်နေမိခဲ့သေးသည်ကို ခုတိုင် သတိရနေမိသေးသည်။

ကိုယ်နှင့်စိတ်မကပ်ဘဲ ကိုယ်စိတ်ဝင်စားရာကိုသာ အာရုံပြုတတ်သည့်စိတ်၊ တစ်နည်းအားဖြင့် နမော်နမဲ့နိုင်တတ် သောကြောင့် သူ့မိတ်တွေ လုပ်ဖော်ကိုင်ဘက်တွေ ကလိမ်ကျ သည်ကို ခံရ၍ ရွှေတစ်ဆယ်သားလောက် ဆုံးခဲ့ရဖူးသည် ကိုလည်း ကလေးဘဝကပင် သူတို့လူကြီးတွေ ပြောသည်ဆို သည်ကို ကြားခဲ့မှတ်ခဲ့မိပါသေးသည်။

*

ယခု ပြန်ပြီးစဉ်းစားကြည့်လိုက်တော့ မိခင်ကိုတော့ ကောင်းကောင်း မမှတ်မိတော့ပါ။ ဖခင်ကြောင့် ပထမ စာပေ ဝါသနာ ထူထောင်လာခဲ့မိသည်။ ဒုတိယ မြန်မာ့ရိုးရာ စာကြီး ပေကြီးတွေနှင့် ရင်းနှီးခဲ့ရသည်။ တတိယ ထိုအချိန်က ခေတ်

ရှေ့ပြေးနေခဲ့သည့် တို့ဗမာအစည်းအရုံး စာပေတွေကို ထိတွေ့ခွင့် ရခဲ့သည်။

နောက်တစ်ပိုင်းက - ကိုယ်ရပိုင်ခွင့် မရှိတာကို မယူ၊ ကလိမ်မကျ။ ကိုယ်မယုံကြည်လျှင် ဘာကိုမျှမလုပ်။ ကိုယ်ယုံကြည်ရာကို ဘယ်သူကဘာပြောပြော လုပ်ချင်သည့်စိတ် ပါလာခဲ့သည်။ (ကျမ်းလေးအုံ့စိုးသောကြောင့် ချန်ခဲ့ပါသည်)

သူ့လိုပင် ယုံလွယ်တတ်သည်။ တစ်နည်း အ,တီး အ,တ နိုင်သည်။ (ကျမ်းလေးအုံ့စိုးသောကြောင့်)

❀

ကျွန်တော် မိဘအမွေကို တစ်ပြားတစ်ချပ်မျှ မခံစားခဲ့ရပါ။

သို့သော် တစ်သက်လုံး သုံးမကုန်သော၊ ရွှေထက်၊ မြေထက် အဖိုးတန်သော အမွေကို ရခဲ့ပါသည်။

ကျေးဇူးတင်ပါတယ် ဖေဖေနဲ့မေမေ။

❀ ❀ ❀

ဒုနံ့မွှင်း ၁ ဘုဝိ တိုက်

## အတွေ့နှင့်အတွေး

### ပေါင်ချိန်ကိုချိန်ကြည့်တော့

ယခုတလော မြဝတီရုပ်သံက 'ပြည်သူ့တရားရှင်' (ပေါင်ချိန်) ဇာတ်လမ်းတွဲကိုပြန်လည်ထုတ်လွှင့်နေသည်။ မြဝတီက ထုတ်လွှင့်လေသမျှ ဇာတ်လမ်းတွဲများတွင် ပေါင်ချိန်ကို ကျွန်တော်အကြိုက်ဆုံးဖြစ်သည်။ ကျွန်တော်သာ မဟုတ် ကျွန်တော့်မြေးပေါက်စတွေကပါ ကြိုက်ကြသည်။ ပထမအကြိမ်လွှင့်စဉ်က မြေးအငယ်ဆုံးကောင်မှာ သုံးနှစ်သား လောက်ပဲရှိ

သေးသည်။ ပေါင်ချိန်ဇာတ်ကား ပဏာမတေးကို အကုန်လိုက်ဆိုနိုင်သည်။ ပဏာမတေးသံကိုကြားလိုက်လျှင် သည်အကောင်တီဗွီရှေ့ရောက်သွားပြီး အစအဆုံးလိုက်ဆိုတော့သည်။ ဘာတွေဆိုနေသည်ကို သူလည်းနားမလည်၊ ကျွန်တော်တို့လည်း နားမလည်။ သို့သော် 'ဝမ်ချောင်မာဟန့်- ပွန့် ငွန် ငွန် ပတ်' ဆိုတာတွေအစ အကုန်လိုက်ဆိုနိုင်သည်။ အခုတော့သည် အကောင်က ပဥ္စမတန်းကြီးများတောင်တက်တော့မည်။အသက်ကလည်း ၁၁ နှစ်လောက်ရှိသွားပြီ။ သူတို့မိသားစုက သမိုင်းဘက်မှာ နေသည်။ ယခုပေါင်ချိန်ဇာတ်လမ်းတွဲ ဒုတိယအကြိမ်ပြန်ဝင်လာတော့ ပဏာမတေးကိုကြားလိုက်ရတိုင်း ကလေးဘဝ အောက်ပိုင်းဟောင်းလောင်းနှင့် တီဗွီရှေ့မှာ မတ်တပ်ရပ်ပြီးတရုပ်သီချင်းလိုက်ဆိုနေသည့် သည်မြေးကောင်ကို မြင်ယောင်မိလျက်မပြုံးဘဲမနေနိုင်မလွမ်းဘဲ မနေနိုင်။ အမှန်ပြောရလျှင် 'ပေါင်ချိန်'ကို ကျွန်တော်မလွတ်တမ်းကြည့်သည်။ ပေါင်ချိန်လာမည့် ညဆိုလျှင် ကျွန်တော် အလိုလိုမြူးပြီး စောင့်နေမိကြောင်း ဝန်ခံပါသည်။ ပေါင်ချိန်ဇာတ်လမ်းကို ဖန်တီးသူများအား ကျွန်တော်ကျေးဇူးတင်မိသည်။ ထို့အပြင် ဤဇာတ်လမ်းတွဲကို ထုတ်လွှင့်ပေးသည့် 'မြဝတီရုပ်သံ'ကိုလည်း ကျေးဇူးစကားဆိုလိုက်ရပါသည်။ ဝတ္ထုဇာတ်လမ်းဇာတ်ကွက်စသည်တို့ကို လေ့လာခဲ့ဖူးသူဖြစ်သည့်အလျောက် ဘာကြောင့်ကြိုက်သလဲ ဆိုတာကိုလည်း

ပြန်ပြီး ချိန်ဆကြည့်မိပါသည်။ ထို့ကြောင့် ***'ပေါင်ချိန်ကို ချိန်ကြည့်တော့'***ဟု 'ခေါင်းပေး'လိုက်ခြင်း ဖြစ်ပါသည်။

ပေါင်ချိန် ဇာတ်လမ်းဟူသမျှကို ခြုံငုံသုံးသပ်ကြည့်လိုက်လျှင် ပဓာနအာဘော် (main theme) မှာ တရား ဥပဒေ အထက်တွင် မည်သူမျှမရှိဟူသော 'အဆို' (statement)ဖြစ်ပါသည်။ လူသားမှန်သမျှ ကြီးကြီးငယ်ငယ် ထိုအဆိုကို နှစ်သက်စွာလက်ခံကြမည်သာဖြစ်ပါသည်။ သုခမိန်ပေါင်ချိန်ကို မင်းဧကရာဇ်ကိုယ်တော်တိုင်က သူ့ကိုယ်စား 'ရတနာကျောက်စီဓား'ကို လွှဲအပ်ထားတော်မူသည်။ (***ပေးသနားတော်မူသည်*** ဟု ကျွန်တော်မသုံးနိုင်ပါ။) သူ၏စီရင်ဆုံး ဖြတ်ချက်သည် မင်းဧကရာဇ်၏ ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ 'ငါကိုယ်တော်တိုင် တာဝန်ယူသည်' ဟူသောသဘောပင်ဖြစ်ပါသည်။***မင်းကလည်း အာဂမင်း၊ သုခမိန်ကလည်း အာဂသုခမိန်။*** ကျွန်တော် မကြိုက်ဘဲခံနိုင်ပါမည်လား။

ယခုကျွန်တော်ပြောခဲ့သမျှမှာ 'ပဓာနအာဘော်' အကြောင်းမျှသာဖြစ်ပါသေးသည်။

ပေါင်ချိန်ဇာတ်လမ်းတွဲတွင် ပါဝင်သောဇာတ်ကောင်များကို သတိထားကြည့်မိပြန်ပါသည်။ အဓိကကျသော ဇာတ်ဆောင်များမှာ. . . .

ဆရာကုန်းစွန်း၊ ကျန်ကျောင်း၊ ဝမ်ချောင် နှင့် မာဟန့်။

ဆရာကုန်းစွန်းက ဆင်ခြင်ဉာဏ်ပညာရှိသူ။

ကျန်ကျောင်းက သိုင်းပညာကျွမ်းသော ရဲဝံ့စွန့်စားသူ။

ဝမ်ချောင် နှင့် မာဟန့်က သုခမိန်၏ အမှုတော်များကို လက်တွေ့အကောင်အထည်ဖော်ကြသူ။

ထိုထိုသောအမှုထမ်းအားလုံးတို့သည် သုခမိန်ပေါင်ချိန်ကို အလွန့်အလွန်ရိုသေကိုးနွံကြသည်။ ငွေရေးကြေးရေး ရာထူးဌာနန္တရ စသောကိစ္စရပ်များကြောင့် မဟုတ်။ သူတို့ဆရာ သုခမိန်ကြီး၏ ပညာဂုဏ်၊ သီလဂုဏ်၊ သမ္မာဓိဂုဏ်တို့ ကြောင့် သက်စွန့်ကြိုးပမ်း ကိုးနွံကြခြင်း ဖြစ်ကြောင်းပေါ် လွင်အောင် ဇာတ်ဆရာက စီရင်ထားသည်။

ဆိုပါစို့- ဇာတ်လမ်းတွဲတစ်ခုတွင် မိဖုရားခေါင်ကြီးနှင့် ထိပ်တိုက်တွေ့ရသည်။ တရားစီရင်ရေးတွင် မိဖုရားခေါင် ကြီးက ရာထူးပြုတ်ကျသွားနိုင်ကြောင်းကို နုတ်မြွက်ခြိမ်းခြောက်သည်။ ပေါင်ချိန်က အေးဆေးသက်သာစွာပင် သူ၏ ပေါင်းထုပ်ကိုချွတ်လိုက်သည်။ ထိုအခါကုန်းစွန်း၊ ဝမ်ချောင်း၊ မာဟန့်တို့ကလည်း သုခမိန်ကြီးနည်းတူ ပေါင်းထုပ်များကို ချွတ်လိုက်ကြသည်။ သုခမိန်ကြီးရာထူးမှနုတ်ထွက်လျှင် သူတို့လည်းအားလုံး နုတ်ထွက်ကြတော့မည့်သဘောဖြစ်သည်။

ဤသို့အားဖြင့် ဆရာကုန်းစွန်း စသောအမှုထမ်းအားလုံးတို့သည် ရာထူးလစာစသည်တို့ထက် သုခမိန်ကြီး၏ ဂုဏ်ကို

ရှိသေးလေးစားကြကြောင်း ပေါ်လွင်စေခဲ့သည်။ တစ်နည်းအားဖြင့်ဆိုလျှင် သီလ၊ သမ္မာဓိ၊ ပညာ ဂုဏ်တို့သည်အခြားအခြားသောဂုဏ်တို့ထက် ခွန်အားကြီးမားမြင့်မြတ်လှကြောင်း ဇာတ်ဆရာကစီရင်ထုတ်ဖော်လိုက်သည်ဟု ကျွန်တော်ကောက်ယူခံစားမိပါသည်။

ထိုအခန်းကို ကျွန်တော်ကြည့်လိုက်ရစဉ်က ကြက်သီးမွေးညင်းထခမန်းဖြစ်လျက် ရင်ထဲက' ကောင်းလိုက် လေကွယ်' ဟု မြည်တမ်းလိုက်မိပါသည်။

* * *

# အပျင်းထူရတဲ့အရသာ

'အလသဿ၊ ပျင်းရိသောသူအား၊ ကုတောသိပ္ပံ၊ အတတ်ပညာ အဘယ်မှာရအံ့နည်း၊ အသိပ္ပဿ၊ အတတ်ပညာ၊ မရှိသောသူအား၊ ကုတော-နံ၊. ဥစ္စာအဘယ်မှာရအံ့နည်း. . . .'စသောလောကနီတိ ဆုံးမစာကို ကျွန်တော် ငယ်ငယ်က ကျက်ခဲ့မှတ်ခဲ့ရဖူးပါသည်။ ပျင်းရိသောသူတို့သည် နိဗ္ဗာန်နှင့်ပင် ဝေးတတ်ကြောင်းဆုံမထားပါသည်။ လောကနီတိဆုံးမစာကို ပင်းယခေတ်တွင် 'စတုရင်္ဂဗလ'အမတ်ကြီးက ပါဠိဘာသာနှင့်ပြုစုခဲ့သည်ဟုဆိုပါသည်။ ကျွန်တော့်စိတ်ထဲတွင်

'အမတ်ကြီးလဲ အပျင်းထူဖူးမှာပါပဲ' ဟုမဆီမဆိုင်တွေးလိုက်မိပါသည်။

ဒီမနက်စောစောတွင်ကျွန်တော်အပျင်းထူခြင်း၏အရသာကို ကောင်းကောင်းကြီးခံစားလိုက်ပါသည်။ ကျွန်တော်အလုပ်များကြောင်း အပေါင်းအသင်းများသိကြပါသည်။ ယခုတလောတွင် ပိုလို့ပင်အလုပ်များနေပါသည်။ ကျွန်တော်က စာလည်းရေးပါသည်။ စာလည်းသင်ပါသည်။ စာသင်ရာတွင်လည်း မြန်မာကလေးတွေကို မြန်မာစာသင်ပေးရသည်၊ အင်္ဂလိပ်စာသင်ပေးသည်။ အင်္ဂလိပ်၊ အမေရိကန်လူကြီးတွေကို မြန်မာစာ၊ မြန်မာစကားသင်ပေးသည်။ ဒီမနက်တွင်အမေရိကန် အမျိုးသမီးတစ်ယောက်ကို မြန်မာစာသင်ရမည်။ သူ့အိမ်ကိုသွားသင်ရမည်ဖြစ်သောကြောင့် မနက်စောစော အိမ်ကထွက်ရမည်။ အသက်မွေးဝမ်းကျောင်းမို့သာ သွားရမည်ဖြစ်သော်လည်း ဆောင်းဦးပေါက်အအေးဓာတ်ကလေးနှင့် ကွေးလို့ကောင်းနေသောကြောင့် အိပ်ရာကမထချင်။ မထချင်လို့လည်းဖြစ် သည်မဟုတ်။ 'အလသဿ၊ ပျင်းသောသူ အား၊ကုတော-နံ၊ ဥစ္စာဒနဘယ်မှာရအံ့နည်း'။

ထိုအခိုက်တွင်မှာ ခေါင်းထဲတွင် လက်ခနဲသတိရလိုက်မိသည်။ ထိုအမေရိကန်အမျိုးသမီးက လာမည့်တစ်ပတ်တွင် သူခရီးထွက်မည်ဖြစ်သောကြောင့် မလာပါနဲ့ဦးဟု

ပြောထားခဲ့သည်ပဲ။ ကျွန်တော့်စိတ်ထဲတွင် ပေါ့ပါးဝမ်းသာသွားလိုက်သည်မှာ စောစောကအိပ်ချင်မူးတူး ဖြစ်နေသည်ပင် ပျောက်သွားကာ ကြည်ကြည်လင်လင် ဖြစ်သွားသည်။ ဤသို့ အပျင်းထူခွင့်ကို ရသခိုက်တွင် အရသာရှိရှိ ခံစားလိုက်မည်ဟု အောက်မေ့ပြီး အိပ်ရာထဲမှာပင် ငြိမ်နှင့်နှပ်နေလိုက်သည်။ ဘာကိုမျှ လေးလေးနက်နက် မစဉ်းစားဘဲစိတ်ကို လွှတ်ထားပေးလိုက်သည်။ ပြေးချင်ရာပြေးပေတော့ဟု အောက်မေ့ထားလိုက်သည်။

သွားလေသူ ကျွန်တော့်သူငယ်ချင်းကြီး မြသန်းတင့်ကို ပြေးပြီးသတိရလိုက်မိသေးသည်။ သူကတော့ မနက်တိုင်း လမ်းလျှောက်သည်။ နေပူပူ မိုးရွာရွာ မပျက်မကွက် လမ်းလျှောက်သည်။ လမ်းလျှောက်ကပြန်ရောက်သည်နှင့် စာရေးစားပွဲတွင် ထိုင်တဲ့ပြီး တဖျောက်ဖျောက် လက်နှိပ်စက်ရိုက်လေတော့သည်။ ကျွန်တော်ကတော့ တစ်နေကုန် ဟိုဟို ဒီဒီသွားလာနေသူမို့ သူ့လိုအထူးလမ်းလျှောက်နေဖို့ မလိုတော့ပါ။ လမ်းလျှောက်ခြင်းဆိုသည်ကလည်း ဦးတည်ချက် မည်မည်ရရမရှိ၊ ရည်ရွယ်ချက်လည်း သတ်သတ်မှတ်မှတ်ရှိသည်မဟုတ်၊ သက်သက်ကိုပဲ လမ်းလျှောက်နေခြင်းမျှသာ ဖြစ်သည်။ "ခင်ဗျားက လူညောင်းလို့ လမ်းလျှောက်နေတာ၊ ကျုပ်က စိတ်ညောင်းလို့စိတ်လျှောက်နေတာ"ဟု ကိုယ်အပျင်းထူနေတာကို ကိုမြသန်းအား လှမ်းပြီး ပြောလိုက်မိသေးသည်။

နံ နက် ခင်း ဝ ၁ အ ပ် တို က်

အတော်လေးကြာတော့ အိမ်နားက မူလတန်းကျောင်းသို့ လာကြသည့် ကလေးတွေအသံကို ကြားလိုက်ရသည်။ ကျွန်တော်တို့ငယ်စဉ်က မူလတန်းကျောင်းကလေးကို စိတ်ကရောက်သွားပြန်သည်။ ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီးနာမည်က ဦးသာဒွန်းဇံ ဖြစ်သည်။ ထို့ကြောင့် ဦးသာဒွန်းဇံကျောင်းဟုပဲ ခေါ်ကြသည်။ ကျောင်းသာက ၈၀ လောက်ပဲ ရှိသည်။ ကျွန်တော်တို့ရပ်ကွက်က မိုးကြီးလျှင် ရေလွှမ်းတတ်သောကြောင့် ကျောင်းကိုလည်း ခပ်မြင့်မြင့် ဆောက်ထားရသည်။ ကစားတော့ ကျောင်းအောက်မှာရော၊ ကျောင်းဘေးလမ်းမပေါ်တွင်ရော ပြေးလွှားကစားကြရသည်။

ကျောင်းကြမ်းပြင်က လျှာထိုးပြင်ခင်း။ ကြမ်းပြင်ပေါ်မှာပဲ ဝပ်ပြီးစာရေးကြရသည်။ လက်ထောက်ဆရာ နှစ်ယောက်ကလည်း ကြမ်းပြင်ပေါ်မှာပဲ ငုတ်တုတ်စားပွဲလေးကိုယ်စီနှင့်။ ဆရာကြီးဦးသာဒွန်းဇံ တစ်ယောက်သာလျှင် ကုလားထိုင်စားပွဲနှင့် ထိုင်သည်။ ပြတင်းပေါက်တွေကတော့ အတော်လေးကို များသည်။ ပြတင်းပေါက်အောက်ခြမ်းကို သံတိုင်တွေ တပ်ထားသည်။ ပြတင်းပေါက်တွင်ကပ်လျက် ထိုင်ရသောကျောင်းသား၏ နေရာကို ကျွန်တော်တို့အလွန်ကို အားကျသည်။ သူကအပြင်ကို လည်း လှမ်းမြင်ရသည်။ တံတွေးထွေးချင်လျှင်လည်း သံတိုင်ကြားက လှမ်းထွေးလိုက်ရုံသာ ဖြစ်သည်။ ဒုတိယတန်းတွင်

စန်းလှိုင်ကြီးဆိုတာက ပြတင်းပေါက်နားတွင် နေရာရသွားသည်။ သူ့နေရာကို သူသိပ် သဘောကျသည်။ ကျွန်တော်တို့ကလည်း အားကျသည်။ ဒုတိယတန်းစာမေးပွဲအောင်ပြီးလို့ တတိယတန်းတက်ကြရတော့ စန်းလှိုင်ကြီးက သူ့နေရာကို မစွန့်လွှတ်ချင်သောကြောင့် အတန်းမတက်ပါဘူးလုပ်နေ၍ ဆရာက တုတ်ပြပြီး တတိယတန်းတက်ခိုင်းရတာ သတိရလိုက်မိပြန်သည်။

ကျွန်တော်တို့ကျောင်းရှေ့က လမ်းမကြီးမှာ မြို့ပြင်က နွားဈေးခေါ် နွားပွဲသို့ သွားရာလမ်းမကြီးဖြစ်သည်။ တစ်ညနေတွင် ကျောင်းဆင်းလိုက်တော့ ကျွန်တော်မြူးထူးပျော်ရွှင်ကာ ခုန်ပေါက်ပြီး လမ်းမတစ်ဘက်ရှိအိမ်သို့ ပြန်လာရာ ဘာမှန်းကို မသိလိုက်ဘဲ ကျွန်တော်သတိလစ်သွားသည်။ သတိရလာတော့မှ ကျွန်တော့်ကို လူကြီးတွေဝိုင်းနေတာ တွေ့ရသည်။ သူတို့ပြောပြမှ ကျွန်တော့်ကို နွားသိုးကြီးတစ်ကောင်က နောက်မှဝှေ့လိုက်၍ သတိမေ့သွားကြောင်း သိရသည်။

ကတ်သီးကတ်သတ်ဖြစ်ရပုံကို ပြန်ပြီး သတိရလိုက်မိပြန်တော့ မကြုံစဖူး ဒေါင်းခွပ်ခံရတာကို သွားပြီးသတိရလိုက်မိပြန်သည်။ ကျွန်တော်တို့အိမ်နှင့် မလှမ်းမကမ်းတွင် ဦးဖိုးဆယ်ဆိုသော လူကြီးတစ်ယောက်က ဒေါင်းတစ်ကောင်မွေးထားသည်။ ဒေါင်းကလမ်းဘေးမှာလည်း အစာရှာနေတတ်သည်။ ကျွန်တော်တို့အဖို့ အဆန်းမဟုတ်၊ မြင်နေကျ၊ တွေ့နေ

ကျ ဖြစ်သည်။ ထိုနေ့ကတော့ ခွေးပုဆိုသည့် အကောင်နှင့် နှစ်ယောက်သား ဒေါင်းရှေ့ကပဲ ဖြတ်သွားကြသည်။ ဒေါင်းက ခွေးပုဘက်က ဖြစ်သည်။ ကျွန်တော်က သူ့ပခုံးကို ဖက်ထား သည်။ ဝုန်းခနဲ အသံကြီးကြားလိုက်ရပြီး ညာဘက် တံတောင် ဆစ်က ပူခနဲဖြစ်သွားသည်။ ကြည့်လိုက်တော့ သွေးတွေရဲနေ သည်။ ဆယ်ရက်လောက် လက်မဆန့်နိုင်ဘဲ ကွေးကွေးကြီး အတိုင်း ပြေးလွှားကစားနေရသည်ကို သတိရလျက် အမာရွတ် ကလေးကို ပြန်ပြီး စမ်းကြည့်လိုက်မိသေးသည်။ ယခုအချိန်တွင် ပြဋ္ဌာန်းထားသော 'အထက်တန်းမြန်မာကဗျာလက်ရွေးစင်' တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ 'သပြေနုချိန်' ဟူသော ဖေ၊ ပု၊ ရှိန်တို့အကြောင်း လေးချိုးကြီးပါသည်။ ကလေးများကို ထိုကဗျာကို သင်ပေးရ၍ 'ပျိုတို့မောင် ဝါဝါဝတ်ကို၊ ဒေါင်းခွပ် မည် ထင်ရည်မှန်းကြပေတော့'ဟူသောအပိုဒ်ကို ရွတ်ပြလိုက် တိုင်း ကျွန်တော် ဒေါင်းခွပ်ခံခဲ့ရသည်ကို ပြေးပြီး သတိရမိသည် ချည်း ဖြစ်သည်။ ဒေါင်းခွပ်ခံရသောသူ လူတစ်သောင်းမှာ တစ်ယောက်တောင်ရှိမည်ဟု ကျွန်တော်မထင်။ သည်လို စဉ်းစားကြည့်လိုက်တော့ ဂုဏ်တောင်ယူရဦးမလိုလို။ ဒေါင်းခွပ် သည့်ဒဏ်ရာကို ကျွန်တော့်အမေက နေ့တိုင်းသေသေချာချာ ဆေးထည့်ပေးသည်ကို သတိရမိသည်။ ဆေးထည့်ပေးတာကို သတိရသောကြောင့် အမေကကျွန်တော့်ခေါင်းကို နာနာကြီး

ခေါက်သည်ကိုလည်း သတိရမိပြန်သည်။

လေယာဉ်ပျံပေါ်က လေထီးခုန်ချသည့် ဓာတ်ပုံတွေကို တွေ့ဖူးသောကြောင့် အိမ်ကဖဲထီးကောက်ကြီးကို ဖွင့်၍ ချိုင်းတွင် ချိတ်လိုက်ပြီး အိမ်အောက်ထပ်ပြတင်းပေါက်က လေထီးခုန်ဆင်းလိုက်ရာ ထီးကြီးကလန်သွားပြီး မြေကြီးပေါ် ဆောင့်ကျလိုက်သဖြင့် တော်တော်နှင့်မထနိုင်သည်တွင် အမေက ခေါင်းကို အတော်လေးနာနာခေါက်သည်ကိုလည်း သတိရမိသောကြောင့် ပြုံးလိုက်မိသေးသည်။

ပထမတန်းတုန်းက အဖြစ်ကလေးကိုလည်း သတိရမိပြန်သည်။ ကျွန်တော်တို့က ဆရာ့ငုတ်တုတ်စာပွဲလေးကို ခပ်လှမ်းလှမ်းကဝိုင်းပြီး ကြမ်းပြင်ပေါ်မှာ ထိုင်ကြရသည်။ ကျောင်းသားကလည်း ၁၅ ယောက်လောက်ပဲရှိမည် ထင်သည်။ မိန်းကလေးတွေက တစ်ခြမ်း၊ ကျွန်တော်တို့ ယောကျ်ားလေးတွေက တစ်ခြမ်းထိုင်ရသည်။ တစ်ခြမ်းဟု ဆိုလိုက်ရသော်လည်း တစ်ဝိုင်းထဲဆက်စပ်ပြီး ထိုင်ကြရပါသည်။ ကျွန်တော်က ယောကျ်ားလေးဘက်က အစွန်ဆုံးဆိုတော့ ကျွန်တော်နှင့် ကပ်လျက်က မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူ့နာမည်က 'အညို'တဲ့။ သူကကျွန်တော့်ထက် အသက်တစ်နှစ်လောက်တော့ ကြီးမည်ထင်သည်။ ၇ နှစ် ၈ နှစ်လောက်ရှိမည်။

တစ်နေ့မှာတော့ ဖတ်စာကို တစ်ယောက်စီမတ်တပ်

ထပြီး တစ်လှည့်စီဖတ်ကြရသည်။ ကျွန်တော်က စာဖတ်ပြရတာကို အလွန်သဘောကျသည်။ စာဖတ်သွားသည့် ကျောင်းသားထဲတွင် ကျွန်တော်ပါသည်။ မိန်းကလေးတွေဘက်က စပြီးဖတ်ရသည်။ အညို ဖတ်ရသည့်အလှည့်သို့ ရောက်လာပြီ။ သူဖတ်ပြီးလျှင် ကျွန်တော်ဖတ်ရတော့မည်။ ကျွန်တော်က သူပြီးလျှင် ဆက်ပြီးဖတ်လိုက်ဖို့ ဖင်တကြွကြွဖြစ်နေပြီ။ အညိုကလည်း ဒါကိုသိပုံပေါ်သည်။ သူကလည်းစာကိုသေချာ သွက်သွက်လက်လက် ဖတ်သည်။ သို့သော် သူဖတ်ရသည့်စာ နောက်ဆုံးဝါကျကိုဖတ်တော့ သူကတမင်သက်သက် တစ်လုံးချင်းကို အသံဆွဲပြီး ဖတ်သည်။ ဆိုပါစို့ 'ပြန်သွားကြလေတော့သတည်း' ဆိုတာမျိုးကို သူက 'ပြန်. . . . သွား. . . ဟား. . . ဟား. . . . ကြ. . . . လေ. . . . တော့. . . . .' လို့ ဖတ်နေတော့ ကျွန်တော်က စိတ်မရှည်နိုင်တော့သည်နှင့် 'ဟာ - ထိုင်တော့ဟာ' ဟုပြောပြီး သူ့ထဘီကိုဆောင့်ဆွဲပြီး အထိုင်ခိုင်းလိုက်သည်။ ကျွန်တော် လုံးဝမထင်မိတာ ဖြစ်သွားပါလေသည်။ ထဘီက ကွင်းလုံးကျွတ်ပြီး ပုံလျက်ကျသွားလေသည်။ ကျွန်တော်လည်း ကိုယ့်ဘာသာ ကိုယ်ဘာလုပ်လိုက်မိမှန်းမသိ။ လန့်သွားသည်။ အညိုလည်း ကမန်းကတမ်း စာအုပ်ကို ပစ်ချလိုက်တဲ့ပြီး ထဘီကို ကောက်ဝတ်လိုက်ရသည်။ သူက ရှက်သွားပြီး တစ်ခုခုတော့ ရန်ထောင်လိုက်သည်ဟုထင်သည်။

ဘယ်လိုရန်ထောင်လိုက်သည်ကို ကျွန်တော် သိကို မသိလိုက်။ ဆရာ့ရိုက်မှာကိုသာ ကြောက်သွားလိုက်မိသည်။ ကျန်တဲ့ ကျောင်းသားကျောင်းသူတွေကတော့ ဝိုင်းပြီးရယ်လိုက်ကြသည် ဟု ထင်သည်။

ဆရာ့ကိုကြည့်လိုက်တော့ ဆရာလည်း ဣန္ဒြေ မဆောင်နိုင်၊ ရယ်ပါလေတော့သည်။ ဆရာရယ်မောလိုက်တော့ ကျွန်တော့်မှာ စိတ်အသက်သာကြီး သက်သာသွားပါလေတော့ သည်။ ပြီးမှ'ကဲ-ကျောက်ကြား ဖတ်တော့'တဲ့။ ကျွန်တော့် ငယ်နာမည်က 'ကျောက်ကြား'ပေကိုး။

ကျွန်တော်တို့ခေတ်က သမီးမိန်းကလေးတွေကို အလယ်တန်းရောက်အောင်ကျောင်းထားသည့် မိဘအလွန်ရှား သည်။ အညိုလည်း ၂ တန်းလောက်နှင့်ပင် ကျောင်းထွက်သွား သည်။ တစ်ခါတရံ ဈေးထဲတွင်သွားရင်းလာရင်း တွေ့သည့်အခါ ကျွန်တော့်ကို ငယ်သူငယ်ချင်းအဖြစ် ရင်းရင်းနှီးနှီးနှုတ်ဆက်ရှာ ပါသည်။ သူ့ခမြာ အသက်မရှည်ရှာ။ အသက် ၁၈ နှစ်လောက် မှာပင် ကွယ်လွန်သွားသည်ကြားလိုက်တော့ ကျွန်တော် စိတ် မကောင်း ဖြစ်လိုက်မိသေးသည်။ ထိုစဉ်က ကျွန်တော် စာ ဖတ်ချင်၍ တရွှရွှဖြစ်ခဲ့တာကို ယခုပြန်ပြီးစဉ်းစားကြည့်လိုက် တော့ 'ငါဟာ - ကိုယ်တော်ကြောင်း တတ်ကြောင်း တော်တော် ပြချင်တဲ့ကောင်ပါလား' ဟု အောက်မေ့လိုက်မိပြီး စာပေ

ဟောပြောပွဲတွေကို မမောနိုင်မပန်းနိုင်လိုက်ပြီး ဟောခဲ့ပြောခဲ့တာတွေဟာ ဒီဗီဇအငွေ့ကြောင့်ထင်ရဲ့ဟုလည်း တွေးလိုက်မိပြန်သည်။ ထို့ပြင် စာတွေပေတွေ ရေးနေတာကလည်း ကိုယ်တော်ကြောင်းတတ်ကြောင်းပြချင်လို့များလားဟု ကိုယ့်ကိုကိုယ်တောင် သင်္ကာမကင်း ဖြစ်လာမိသည်။

မြသန်းတင့်ကို ဒီအကြောင်းပြောပြလျှင် သူဘယ်လိုမှတ်ချက်ပေးမလဲဟု တွေးလိုက်မိပြန်သည်။ တွေးလိုက်ကာမှ သူပြောသောစကားတစ်ခွန်းကို သတိရပြီး တစ်ကိုယ်တည်းပြုံးလိုက်မိသေးသည်။ သူပြောတာက 'ကိုအောင်သင်းရေ - ခင်ဗျားစကားပြောကောင်းတာ ခုမှ သေချာသဘောပေါက်လာတယ်။ အရှက်နည်းလို့ဗျ'တဲ့။ ထိုစကားကို သတိရလိုက်ပြန်တော့ စစ်တက္ကသိုလ်တွင် အမှုထမ်းနေစဉ်က ပထဝီဌာန ဦးသန်းဆွေ (ယခု ဗုဒ္ဓတက္ကသိုလ်၊ အင်္ဂလိပ်စာဌာန)နှင့် မြန်မာစာဌာနမှ ဦးမြိုင်သန့်တို့က ကျွန်တော်ကို စကားပြောကောင်းသည်ဟု ချီးမွမ်းပြီး 'Because he knows how to make ပြူးတူးပြဲတဲ'ဟု မှတ်ချက်ချခဲ့သည်ကို သတိရလိုက်မိ ပြန်ပါသည်။

သည်လို ပေါက်ကရဟိုတွေးဒီတွေး လျှောက်တွေးနေရင်း စိတ်အညောင်းပြေသလိုလို ဖြစ်လာသည်။ စိတ်အညောင်းပြေသွားတော့ လူကညောင်းလာသည်။ အပျင်းထူ

ရတာကလည်း ကြာလာတော့ ပျင်းစရာကြီး ဖြစ်လာပြန်သည်။ ဒီတော့ စွန်းလွန်းဆရာတော်ကြီး မိန့်ကြားတာကို သတိရလိုက်မိပြန်သည်။ ဆရာတော်ကြီးက ဖလသမာပတ် ဝင်စားနေရခြင်းသည် အလွန်သိမ်မွေ့သက်သာကြောင်း မိန့်ကြားတော့ ဒကာတစ်ဦးက သို့ဖြစ်ပါလျှင် အဘယ်ကြောင့် ဖလသမာပတ်က ပြန်လည်နိုးထပါသနည်းဟု လျှောက်ထားမေးမြန်းသည်။ ဆရာတော်ကြီးက "ဤကြ္ကရိယာပုထဒ်လေးပါးမှာ လဲလျောင်းနေရခြင်းဟာ အသက်သာဆုံးပဲ မဟုတ်လား။ ဒါပေမယ့် ကြာတော့ ညောင်းလာတာပဲ မဟုတ်လား။ ဒီတော့ ဒီခန္ဓာဝန်ကြီးရှိနေသ၍တော့ တတ်နိုင်သမျှတစ်လှည့်စီ ဒုက္ခခံနေရတော့မှာပဲပေါ့' တဲ့။ ကိုယ်နဲ့မတန်မရာကိုသတိရလိုက်တာမို့ ပြုံးလိုက်မိသေးသည်။

စိတ်လည်း အညောင်းပြေသွားပြီ။ အပျင်းထူရတာလည်း ပျင်းသွားပြီ။ 'အလသဿ၊ ပျင်းသောသူအား၊ ကုတောခန်၊ ဥစ္စာအဘယ်မှာ ရအံ့နည်း'။ ဒီတော့ - 'ခန်'လေးရအောင် စာလေးဘာလေးတော့ ရေးလိုက်ဦးမှဟုတွေးလျက် အိပ်ရာကထလိုက်သည်။ ဒီကြားထဲမှာ 'စတုရင်္ဂဗလအမတ်ကြီးလဲ ငါလိုပဲ အပျင်းထူးဖူးမှာပါပဲ'ဟု တွေးဖြစ်အောင်တွေးလိုက် မိသေးသည်။

* * *

## ဋ န် ပွ င် စ ာ ဆု ဝ် တို က်

## ဖတ်ဖို့ကျင့်ဖို့

ကျွန်တော့်ထံ ဆောင်းပါးလာပြီး တောင်းသည်က လူငယ်များအတွက် ကောင်းနိုးရာရာစာအုပ်များ အကြောင်းကို ရေးပေးစေလိုကြောင်း ပြောပြခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင်ကလည်း စာအုပ်တွေအကြောင်းကို ရေးချင်ပါသည်။ သို့သော် မည်သည့်စာအုပ်ထွက်ကြောင်း၊ တန်ဖိုးမည်မျှ ဆိုတာမျိုးတွေလောက်ကို မရေးချင်ပါ။ သူတို့ကလည်း ထိုကဲ့သို့ စာအုပ်ညွှန်းမျှလောက်ကို မလိုချင်၊ အဟောင်းအသစ်မဟူ ဘယ်စာအုပ်အကြောင်းကိုပဲဖြစ်စေ လူငယ်များဖတ်သင့်သည်ဟု

ထင်ပါလျှင် ရေးပေးရန်ပြောကြပါသည်။ ထို့ကြောင့် ကျွန်တော်က တာဝန်ယူလိုက်ပါသည်။ ကျွန်တော်၏ ကိုယ်ပိုင်အယူအဆ ထင်မြင်ချက်တို့ကိုပါ ထည့်သွင်းသုံးသပ်တင်ပြမည် ဖြစ်သောကြောင့် 'ဖတ်ဖို့ ကျင့်ဖို့'ဟု ကဏ္ဍခေါင်းစဉ်ကိုပါ ကျွန်တော်ပေးလိုက်ပါသည်။

'ကျင့်ဖို့'ဟူသောစကားကို ရုတ်တရက် ကြည့်လိုက်မည်ဆိုလျှင် ကျင့်ကြံနေထိုင်မှုစသည်ဖြင့် ကိုယ်ကျင့်တရား သဘောလောက်ကိုသာ ဆိုလိုရိပ်ရှိသည်ဟု ထင်စရာရှိပါသည်။ စင်စစ်အားဖြင့် 'ကျင့်သည်'ဆိုသောစကား၏နယ်ပယ်မှာ အလွန့်အလွန် ကျယ်ဝန်းသည်ဟု ကျွန်တော်ထင်မိပါသည်။

We first make our habits and then they make us. ဟူသော စကားလေးကိုလည်း သတိရမိပြန်ပါသည်။ 'အကျင့်လုပ်ရာ အကျင့်ပါ'သွားတတ်မြဲ ဖြစ်တတ်ပါသည်။ မကောင်းသည့်ဘက်မှာသာမဟုတ်၊ ကောင်းသည့်ဘက်တွင်လည်း အကျင့်လုပ်ရာ အကျင့်ပါတတ်မြဲဖြစ်သည်ဟုထင်ပါသည်။

မြန်မာတို့စကားပုံများတွင် 'မျက်စိအကျင့် ဝမ်းအချင့်' ဟူသောစကား ရှိပါသည်။ နံနက်စောစော အိပ်ရာထတတ်သော သူသည် မည်မျှထိအောင် အိပ်ရေးပျက်ခဲ့သည်ဖြစ်စေ နံနက်စောစောတွင် အိပ်ရာက နိုးလာတတ်သည်။ ပြီးမှ အိပ်ရေးဝအောင်ပြန်ပြီး အိပ်ချင်အိပ်သည်။ ထို့ကြောင့် 'မျက်စိ

အကျင့်'ဆိုကြကြောင်း လူကြီးများပြောပြသည်ကို မှတ်သားခဲ့ဖူးပါသည်။ 'ဝမ်းအချင့်'ဆိုသည်ကတော့ မည်မျှလောက်မြိန်ရေရှက်ရေ စားကောင်းသည်ဖြစ်စေ မိမိ၏ဝမ်းကို ချင့်ချိန်ပြီး ထိုက်တန်သလောက်သာစားရမည်ဟု ပြောပါသည်။ ရသာရမက်ကြီးလှသောလူအချို့ကို ကျွန်တော်တွေ့ဖူးသည်။ 'အန်ထွက်အောင်စားသည်' ဟူသောစကားမှာ တင်စားပြီး လွန်လွန်ကဲကဲပြောသောစကားဟုထင်လောက် စရာရှိသည်။ တကယ်ကို အန်ထွက်အောင်စားသောသူတွေကို ကျွန်တော်တွေ့ဖူးသည်။ တနင့်တပိုးကြီးစားပြီး လိုက်သောအခါ မခံမရပ်နိုင်တော့ဘဲ အာခေါင်ကို လက်ညှိုးထိုးပြီး အန်ပစ်ရသည်။ ထိုသို့သော လူမျိုးနှစ်ယောက်သုံးယောက်ကို ကျွန်တော်တွေ့ခဲ့ဖူးသည်။

ကျွန်တော့် ဦးလေးတစ်ယောက်အကြောင်းကို ပြောလိုက်ရပါဦးမည်။ သူသည် ထမင်းစားပြီဆိုလျှင် အလွန်ကြာပါသည်။ အေးအေးဆေးဆေး စိမ်ပြေနပြေ စားလေ့ရှိသည်။ နောက်ဆုံးတွင် တစ်လုပ်စာလောက် မရှိတရှိ ထမင်းလေးကို ချန်ထားပြီး အပြင်သို့ပက်ပစ်လေ့ရှိသည်။ တစ်ခါတရံ နံနက်ခင်း ထမင်းကြမ်းစားရာ၌ပင် သူ့အတွက် နည်းနည်းလေးရှိနေစေကာမူ ထိုမျှလောက်သောထမင်းလေးကို ချန်ပြီး စွန့်ပစ်လေ့ရှိသည်။ ထိုအကျင့်ကို ကျွန်တော်က သတိထားမိ၍ မေးကြည့်လိုက်တော့ သူကခပ်တိုတိုပဲ ပြောပြခဲ့ပါသည်။

"ထမင်းတို့ဘာတို့လို အစားအသောက်ဆိုတာတွေကို အကြောင်းမရှိဘဲ အပြေးအလွှားစားရတာ မဟုတ်ဘူးကွ။ တစ်ချို့လူကြီးတွေက 'စားသုတ်သုတ်၊ သွားသုတ်သုတ်' ဆိုတာမျိုး ပြောတတ်ကြတယ်။ ခေတ်ပျက်လို့ပြေးလွှားနေရတာမျိုးဆိုရင်တော့ ဟုတ်မှာပေါ့။ ဖြေးဖြေးစားရတယ်။ နောက်ပြီး စားလို့ကောင်းတိုင်း နင့်နေအောင် မစားကောင်းဘူးကွ။ ထမင်း တစ်လုပ်စာလောက်ကိုတော့ လျှော့စားရတယ်။ ငါကတော့ ကိုယ်စားတဲ့အထဲက တစ်လုပ်လောက်လျှော့စားရုံ မဟုတ်ဘူး၊ အပြင်ကို လှမ်းပြီးပက်လိုက်တော့ ပုရွက်ဆိတ်ကစလို့ ဘယ်လို သတ္တဝါပဲစားသည်ဖြစ်စေ ကုသိုလ်ပဲလို့ အောက်မေ့လိုက်တာ ပေါ့။ ဒါနဆိုတာ အလှူကြီးပေးနေမှမဟုတ်ပါဘူး၊ ကိုယ်စားမယ့် အစာထဲက လျှော့စားပြီးပေးလိုက်တဲ့ ဒါနဟာလဲ မြတ်တာပါပဲ"

သူကကျွန်တော့် ဦးလေးအရင်းမဟုတ်ပါ။ သွားလေသူ၏ မကောင်းကြောင်းကို ပြောရသည်မှာ အလွန်အားနာစရာ ကောင်းလှပါသည်။ သို့သော်လည်း ပြောလိုက်ရပါဦးမည်။ သူက အရက်လည်း အလွန်ကိုကြိုက်ပါသည်။ အဆင်ပြေလျှင် ဘိန်းကလေးဘာလေးပင်ရတတ်ပါသေးသည်။ သို့သော်စိတ်ရင်း အလွန်ဖြူစင်ပါသည်။ ကျွန်တော်ကလေးဘဝကပင် သူ့စကား လေးကို စွဲသွားလိုက်မိသည်။ ယခုထက်တိုင် ထမင်းစားလျှင် ဖြေးဖြေးပဲစားတတ်သည်။ ထို့ပြင် မည်မျှပင် ထမင်းမြိန်စေဦး

တော့ သူ့လိုပင် တစ်လုပ်စာလောက်ကို ချန်ပြီးစားလေ့ရှိလာခဲ့ပါသည်။ အမှတ်မထင်ပင် ပြုကျင့်လာလင့်ကစား ယခုတော့ အကျင့်ပါလာခဲ့ပြီ ဖြစ်ပါသည်။

နောက်တစ်ခုကို ပြောလိုက်ရပါဦးမည်။ ကျွန်တော် ဆယ့်သုံးလေးနှစ်သားလောက်တွင် ကိုရင်ဝတ်ခဲ့ရသည်။ ကျောင်းထိုင်ဘုန်းတော်ကြီးက ကျွန်တော့်ကိုချစ်သည်။ သူရေချိုးပြီဆိုလျှင် ရေတွင်းကရေကို ကျွန်တော်က ငင်ပေးရသည်။ ရေတွင်းကနက်လှသည်မဟုတ်ပါ။ လေးငါးတောင်လောက်သာ ဝေးပါသည်။ လက်နှင့်သုံးခါလောက်ငင်လိုက် ရုံသာရှိပါသည်။ ရေငင်ပေးလိုက်လျှင် ဘုန်းကြီးက ချက်ချင်းမချိုးပါ။ ခြေဖျားကို ရေလောင်းပါသည်။ ထိုနောက် ဒူး၊ ထိုနောက် ပေါင်၊ အဆင့်ဆင့် လောင်းပြီးမှ လက်မောင်းလက်ဖျံ၊ မျက်နှာစသည်ဖြင့် ရေချိုး တတ်ပါသည်။ ကျွန်တော်က ဘာရယ်မဟုတ် ဘုန်းကြီး ရေချိုး ပုံကို ကြည့်ပြီး သူ ရေချိုးသလိုပင် ချိုးမိတတ်ပါသည်။ နောက် တော့ အကျင့်ဖြစ်သွားလိုက်သည်မှာ ယခုထက်တိုင်ပင် ဖြစ်နေ ပါတော့သည်။

တက္ကသိုလ်ကျောင်းသားဘဝတွင် သူငယ်ချင်းတစ် ယောက်နှင့် တစ်စားပွဲတည်းစားလေ့ရှိခဲ့သည်။ ထမင်းစားကြပြီ ဆိုလျှင် သူကအရင်ပြီးလေ့ရှိသည်။ ကျွန်တော်စားသည်ကို စောင့်နေရလေ့ရှိသည်။ 'အဘရာ - ခင်ဗျားထမင်းစားနေတာ

က ပျင်းစရာကြီး' ဟုစောင့်နေရင်း ပြောတတ်သည်။ ကျွန်တော်က 'ကျုပ်က ထမင်းစားတာဗျ၊ ခင်ဗျားတို့က ဟပ်ပစ် တာ'ဟု ပြန်ပြောလိုက်လျှင် သူကရယ်တတ်ပါသည်။ တက္ကသိုလ် တွင် ဆရာပေါက်စဖြစ်လာကြတော့ သူနှင့်ကျွန်တော်လှည်းတန်းထဲတွင် အိမ်ခန်းလေးတစ်ခုငှားပြီးနေခဲ့ကြသည်။ အိမ်ခန်းရှေ့တွင် ရေတွင်းကလေးတစ်ခုလည်း ရှိနေသောကြောင့် ထိုရေတွင်းမှာပင် ရေငင်ပြီးချိုးခဲ့ရသည်။ သည်တော့ ကျွန်တော်ရေချိုးပုံကိုလည်း သူကသိနေခဲ့ပြန်သည်။ နောက်တော့ သူကအစိုးရဌာနကြီးတစ်ခုတွင် အရာရှိကြီးတစ်ယောက် ဖြစ်လာပါသည်။ ကျွန်တော့်အောက် ငယ်သည်။ ထို့ကြောင့် ကျွန်တော့်ကို 'အဘ'ဟု အပြောင်အပြက်ခေါ် ရာက ယခုထက်တိုင် 'အဘ'ဟု နှုတ်မြဲသွားနှုတ်မြဲပါလေတော့သည်။ တစ်နေ့ သူနှင့်ဆုံမိခိုက်တွင် "အဘရေ - ကျွန်တော် တိုင်းရင်းဆေးပညာသင်တန်းတစ်ခုကို တက်လိုက်သေးတယ်။ ကျောင်းသားဘဝက အဘထမင်းစားတာ၊ ရေချိုးတာတွေကို ကျွန်တော်ရယ်ခဲ့မိတာ မှတ်မိဦးမှာပေါ့။ တကယ်ဆိုတော့ အဘရေ - အဲဒါတွေဟာ အလွန်ကိုစနစ်ကျတဲ့ ကျန်းမာရေးလမ်းညွှန်တွေ ဖြစ်နေတာကို သိလာရတယ်။ သင်တန်းပို့ချချက်တွေကိုနားထောင်နေရင်း အဘကိုသိပ်သတိရတာပဲ"ဟု ပြောပြပါသည်။

သတိရလာသောကြောင့် တစ်ဆက်တည်း ပြောလိုက်ရပါဦးမည်။

**နှိန် ဖွင့် စ ၁ အုပ် တိုက်**

လွန်ခဲ့သော ၁၅ နှစ်လောက်က အလွန်ပူပြင်းလှသော နွေရာသီကြီးတစ်ခုကိုကြုံလိုက်ခဲ့ရဖူးသည်။ အညာဒေသ အချို့မြို့များတွင် ပူပြင်းလှသောကြောင့်မြစ်ထဲဆင်းပြီး ရေချိုးကြသည်။ ရေချိုးပြီးသိပ်မကြာလိုက်ခင်မှာပင် အပူရှပ်သလိုလိုဖြစ်ကာ အသက်ဆုံးသွားတတ်ကြသည်။ ထိုသို့သော သတင်းတွေကို ရန်ကုန်ကပင်ကြားနေခဲ့ရသည်။ တစ်နေ့တွင်တော့ သတင်းစာတစ်စောင်ထဲတွင် ဆရာဝန်တစ်ဦးရေးသော ရေချိုးနည်းပညာပေးဆောင်းပါးတစ်ပုဒ် ပါလာခဲ့သည်။ ဆောင်းပါးတွင် ဆိုထားသည်က ပူလွန်းလျှင် ရေချိုးသင့်ပါသည်။ သို့သော်ချက်ချင်း မချိုးပါနှင့်။ ခြေဖျား၊ ဒူးဆစ်စသည်တို့ကို ရေဆွတ်ပါ။ တစ်စတစ်စစိုစွတ်ပါစေ။ အအေးလာတော့မည်ဖြစ်ကြောင်း ကိုယ်ခန္ဓာကိုကြိုတင် အသိပေးထားပါ။ ထိုကဲ့သို့မဟုတ်လျှင် ခန္ဓာကိုယ်က shock ဖြစ်ပြီး သွေးလန့်သွားနိုင်သည်။ ရေချိုးပြီးသောအခါတွင်လည်း နေပူသို့ ရုတ်တရက် မထွက်ပါနှင့်။ ထွက်လျှင် ရေစိုပုဆိုးစသည်တို့ကို ချထားပြီးမှ ထွက်ပါ။ အပူမှအအေး၊ အအေးမှအပူ ရုတ်တရက် ပြောင်းလဲလျှင် သွေးလန့်သွားတတ်ပါသည် စသည်ဖြင့်ရေးထားသည်ကို ဖတ်လိုက်ရသောအခါ ကျွန်တော့်မှာ အမှတ်မထင်ကောင်းသော အကျင့်ကလေးပါလာခဲ့မိကြောင်း သိလာရပါတော့သည်။

ယခုကျွန်တော်တင်ပြခဲ့သည်တို့မှာ အပေါ်ရံ အကျင့်များသာ ဖြစ်ပါသည်။ စိတ်ကိုလည်း ကျင့်ယူရတတ်ပါသေးသည်။ ဆိုကြပါစို့ ဘတ်စ်ကားမှတ်တိုင်တွင် ကားစောင့်နေရင်း ကိုယ်စီးချင်သောကား မလာနိုင်သောအခါ စိတ်တိုလာတတ်မိပါသည်။ အမှတ်မထင်ဒေါသဖြစ်နေတတ်သည်။ ထိုအခါမျိုးတွင် မိမိစိတ်ကို ပြန်လည်သတိထားမိတတ်အောင်လည်း အကျင့်လုပ်ယူရတတ်ပါသည်။ ထို့အတူ ပြဿနာတစ်ရပ်ရပ်ကို ကျိုးကြောင်းကျကျဆင်ခြင်သည့်နေရာတွင် ငါစွဲ ဒေါသ၊ မာနစသည်တို့ပါမလာအောင်၊ ဓမ္မဒိဋ္ဌာန်ကျကျ ဆင်ခြင်တတ်အောင်လည်း စိတ်ကိုကျင့်ယူကြရသည်ပင် ဖြစ်ပါသည်။ သူသူကိုယ်ကိုယ် ကျွန်တော်တို့အားလုံးသည် လေထဲတိုက် အိမ်ဆောက် ဟူသောစကားကဲ့သို့ စိတ်ကူး အိပ်မက်လည်းမက်တတ်ကြပါသည်။ စိတ်ကူးအိပ်မက် ဆိုသည်မှာလက်တွေ့ကျသော ဆင်ခြင်မှု၏ ရန်သူကြီးဖြစ်သည်။ ကျိုးကြောင်းကျသော ဆင်ခြင်မှုကိုလိုချင်လျှင်စိတ်ကူးလောကမှခွာထွက်တတ်အောင် အချစ်အမုန်းစသည်တို့ပါမလာ အောင်လည်းစိတ်ကိုလေ့ကျင့်နိုင်သမျှလေ့ကျင့်ပေးရပါသည်။

ယခု ကျွန်တော်က 'ဖတ်ဖို့ ကျင့်ဖို့' ဟုခေါင်းစဉ်ပေးထားပါသည်။ စာပေတွင်လည်း အကြမ်းအားဖြင့် ရသစာပေ သုတစာပေဟုနှစ်မျိုးခွဲခြားနိုင်သည်။ စာကောင်းပေမွန်မှန်လျှင်

သိဖို့သာလျှင်မဟုတ်၊ ကျင့်ဖို့ကိုပါညွှန်သွား လေ့ရှိသည်။ ဝတ္ထု၊ ကဗျာ စသည်တို့မှာ ရသစာပေများဖြစ်သည်။ သို့သော်လည်း ဝတ္ထုကောင်း၊ ကဗျာကောင်းတွေက သွန်သင်ပေးလိုက်သော ဆောင်ရန် ရှောင်ရန် ကျင့်စဉ်များကို လူငယ်ဘဝကပင် ကြိမ်ဖန်များစွာ ကျွန်တော်ရခဲ့ဖူးသည်။ ကောင်းမှန်း သိနေပါလျက် 'မဆောင်နိုင်'တာလည်းရှိတတ်ပါသည်မကောင်းမှန်းသိနေပါလျက် 'မရှောင်နိုင်'တာလည်းရှိ တတ်ပါသည်။ မည်သို့ပင်ဖြစ်စေ ကောင်းမှန်း မကောင်းမှန်းသိနေအောင်တော့ဖြင့် စာကောင်းပေကောင်းတွေက ထွန်းပြတတ်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ။

* * *

## ကျွန်တော်ဒါရိုက်တာ

*ဧလျှတုသဗ္ဗမင်္ဂလံ၊ တယာဒေဿသိပြည့်ရှင်မင်းကြီး၏သားတော်*
*ဉယကုမ္မာမင်းသား တက္ကသိုလ်ပြည်သို့ပညာသင်သွားစေ။*
တက္ကသိုလ်ပြည်ကအပြန် လမ်းစခန်း၌ နားနေစေ။ ။

အထက်တွင်ဖော်ပြလိုက်သော စာစုကလေးမှာ ဦးပုည၏ ရေသည်ပြဇာတ် အဖွင့်စကားလေးဖြစ်ပါသည်။ ကျွန်တော်က စာရေးဆရာဟုယခုနောက်ပိုင်းမှ ဖြစ်လာရသော်လည်း စင်စစ်ကျွန်တော့် အသက်မွေးဝမ်းကျောင်း အလုပ်မှာ (ယခုထက်တိုင်) ကျောင်းဆရာအလုပ်ပင် ဖြစ်ပါသည်။ ဆယ်တန်း

ကျောင်းသားတွေကိုသင်လာခဲ့ရသည်မှာလည်း ကာလရှည်ကြာဖြစ်နေပြီမို့ ပြဒ္ဒါန်းစာတွေကိုလည်းအလွတ် ရနေပါပြီ။ သို့ပါလျက်နှင့်ပင် ရေသည်ပြဇာတ်ကို စပြီးသင်လိုက်၍ အထက်ပါစာပိုဒ်ကလေးကိုတွေ့လိုက်ရတိုင်းကျွန်တော် ပြဇာတ်ဒါရိုက်တာလုပ်ခဲ့ရသည်ကို ပြန်လို့သတိရမိတတ်ပါသည်။

ဦးပုညရေးထားလိုက်သည်က စာကလေးနှစ်ကြောင်းသုံးကြောင်းပဲရှိသည်။ ထိုဇာတ်ညွှန်းကို ဇာတ်သမားတွေတစ်နာရီလောက် အသုံးတော်ခံရမည်ထင်သည်။ အကြောင်းကသည်လိုပါ။ ယခုခေတ်ပြဇာတ်များ၊ ရုပ်ရှင်များ တွင်ကားအထောက်အကူပစ္စည်း ဇာတ်ခုံဆိုင်ရာကိရိယာတွေက တစ်ပုံကြီးရှိနေသည်မို့ နောက်ခံကားမှာ ရွှေတိဂုံ ဘုရားကြီးကို ပြလိုက်လျှင် ဘယ်နေရာဘယ်ဒေသဆိုတာကို ပရိသတ်ကသိပြီ တောကားတောင်ကားတွေကို ပြလိုက်လျှင်လည်း တောထဲတောင်ထဲမှာ ဆိုသည်ကိုချက်ချင်းသိနိုင်သည်။ ဘာမဆိုနောက်ခံကားလောက်နှင့်ပင်သိ နိုင်သည်။ ရှေးခေတ်လား၊ ယခုခေတ်လား၊ ဘယ်ခေတ်လောက်ဆီမှာ ဆိုသည်ကိုလည်းဇာတ်ဆောင်တွေ၏ အဝတ် အစားကိုကြည့်လိုက် သည်နှင့်ပင်သိနိုင်သည်။

ရှေးခေတ်ကတော့ ဘယ်ခေတ်၊ ဘယ်မင်းဘယ်စိုးလက်ထက်ဆိုသည်ကို ပရိသတ်သိအောင် စကား ပြောကြရပေသည်။

ရှင်ဘုရင်လုပ်သူကဇာတ်ပစ္စည်းတွေထည့်သော သေတ္တာကြီးပေါ်တွင်ထိုင်လိုက်လျှင် ရာဇပလ္လင်ကြီး ဖြစ်သွားရတော့သည်သာ။ ဤသို့အားဖြင့် ရှင်ဘုရင်နှင့် ဝန်ကြီးတွေစကားပြောကြရင်း ဗာရာဏသီနေပြည်တော်ဖြစ် ကြောင်းပရိသတ်က သိလာကြမည်။ ဤသို့စီရင်တင်ပြသည်ကို "ပြည်တည်သည်" ဟုခေါ်ကြသည်။

သူ့သားတော် ဥဒယကုမ္မာမင်းသား နေပြည်တော်က ပြန်လာသည်ကိုလည်း ပြရဦးမည်။ အကြိုတော်ထောက်ကြဦးမည်။ နှစ်ပါးသွားပင် ပါချင်ပါလိုက်ပေဦးမည်။

ဆိုလိုသည်က ဦးပုညက စာတစ်ကြောင်းလောက်သာရေးလိုက်ပေမင့် ဇာတ်သမားများမှာ ပင်ပန်းကြီးစွာ ကကြခုန်ကြရသည်။ ယခုလည်း ရုပ်ရှင်ဇာတ်ညွှန်းက "မင်းသားနှင့်လူကြမ်း တိုက်ခန်း" ဆိုတာလောက်သာရေး လိုက်သည်။ ဒါရိုက်တာ၊ မင်းသားနှင့်လူကြမ်းတွေ အဖွဲ့သားတွေကတော့ ငါးရက်လောက်ထိုးဟယ်ကြိတ်ဟယ် လုပ်ချင်လုပ်ကြရမည်။

ကျွန်တော် ပြဇာတ်ဒါရိုက်တာအပီအပြင်လုပ်ခဲ့ရသည်က စစ်တက္ကသိုလ်တွင်ဖြစ်သည်။ ၁၉၆၅ မှ ၁၉၇၀ထိ စစ်တက္ကသိုလ်တွင်နေခဲ့ရသည်။ နှစ်စဉ် ဗိုလ်လောင်းများ ကျောင်းဆင်းပွဲတွင် ပြဇာတ်တစ်ပုဒ်တင်ခဲ့ရသည်။ ကျောင်းအုပ်ကြီးက ပေါ်လီစီလောက်သာပြောလိုက်သည်။ အောင်သင်းက

တော့ ရေးပေသားပေရော့၊ ပြေးပေလွှားပေ ရော့။ ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ ကျွန်တော်တစ်ယောက်တည်း ချည်းပဲ ဖြစ်သည်။ တစ်နှစ်သာ ဌာနမှူး ဦးမြိုင်သန့်က ဇာတ်ညွှန်းရေး ပေးဖူးသည်။ သို့သော် ဒါရိုက်တာကတော့ ကျွန်တော်ပင် ဖြစ်သည်။

ကျောင်းဆင်းပွဲတိုင်းတွင် ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များ တစ်လှည့်စီလာရောက်၍ အလေးပြုခံယူပြီး မိန့်ခွန်းပြော ကြားလေ့ရှိသည်။ တစ်နှစ်တွင်တော့ လေတပ်ဦးစီးချုပ်ဗိုလ်ချုပ် သောင်းဒန် ကြွရောက်လာသည်။ ထိုအချိန်က ဗိုလ်ချုပ် သောင်းဒန်က လေတပ်ဦးစီးချုပ်သာမက ယဉ်ကျေးမှုဝန်ကြီး ဌာနကိုလည်း တာဝန်ယူနေရသည်။ ပြဇာတ်ကို စဆုံးစိတ်ဝင် တစားကြည့်သည်။ ပြဇာတ်ပြီးတော့ ပြဇာတ်ဒါရိုက်တာကိုတွေ့ ချင်သည် ဆိုသောကြောင့် ကျွန်တော်က သူ့ဆီကိုသွားတွေ့ ရပါသည်။

"ခင်ဗျား ဒီပြဇာတ်ကို ဘယ်လောက်ကြာတိုက် ရသလဲ"

"ပြဇာတ်တိုက်ဖို့ တစ်လနီးပါးအချိန်ရပါတယ်။ ဒါပေမယ့် ဗိုလ်လောင်းတွေက အယ်လ်အာပီ (ခရီးရှည် တိုက်ပွဲ) ထွက်ရတာ တွေလဲရှိနေခဲ့တော့ ဆယ့်ငါးရက်လောက်ပဲ ပြဇာတ် တိုက်ချိန်ရပါတယ်"

"အတော်ကြီးကို သပ်ရပ်တာပဲ။ ကျွန်တော်တို့ ယဉ်ကျေးမှု ပြဇာတ်တွေကို သုံးလလောက် တိုက်တာတောင်မှ ခင်ဗျား ပြဇာတ်လောက်မသပ်ရပ်ဘူး"

ကျွန်တော်က ဘာမှမပြောလိုက်တော့ပါ။ ဘာကြောင့် သပ်ရပ်ကြောင်း ပြောနေလျှင် စကားရှည်နေမည်ဖြစ်ကြောင့် ပါပဲ။ စင်စစ်အားဖြင့် စစ်တက္ကသိုလ်က ဗိုလ်လောင်းတွေဟာ ယဉ်ကျေးမှုအဖွဲ့သားတွေလောက်ဘယ်မှာ အနုပညာ ဓာတ်ခံ ရှိပါမည်နည်း။ ကျွန်တော်ကကော ထိုထိုသောပညာသည် တွေလောက် ဘယ်မှာကျွမ်းပါမည်နည်း။ အမှန်ပြောရလျှင် ကျွန်တော့်ပြဇာတ်ကို ကျွန်တော်ဘယ်လောက်ကောင်း နေမှန်းသိကိုမသိခဲ့ပါ။ တတ်နိုင်သမျှကြိုးစားလုပ်ဆောင် ခဲ့ခြင်းမျှသာဖြစ်ပါသည်။ သို့ပါလျက်နှင့်ပင်ကျွန်တော့်ပြဇာတ် ကိုယဉ်ကျေးမှုဝန်ကြီးကိုယ်တိုင်က ကျွန်တော်က ဘာမှမမေးပါပဲ ဝန်ခံချီးကျူးခဲ့သည်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲ၊ငါကဘယ်လို လုပ်ခဲ့လို့လဲ ဆိုတာကို ကျွန်တော် မကြာခဏ စဉ်းစားကြည့်မိ သည်။ ယခုကျွန်တော်ရေးချင်သည်က ကျွန်တော့်လုပ်ဆောင်မှု ကို ပြန်လှန်သုံးသပ်မိသမျှ တင်ပြလိုခြင်းသာဖြစ်သည်။

ကျွန်တော့် ပြဇာတ်ကိုရေးချင်တိုင်းရေးလို့မရ။ အကန့် အသတ်တွေရှိသည်။ ဗိုလ်လောင်းတွေကိုချည်း သုံးရတာဖြစ် လေတော့ အမျိုးသမီးသုံးလို့မရ။ (ဒါတောင် တစ်နှစ်မှာတော့

ဖက်ဆစ်တော်လှန်ရေးဇာတ်လမ်းတွင် ကျေးလက်သူ မိန်းကလေးတစ်ယောက်ပါရသည်။ ဗိုလ်လောင်းထဲကပဲ အရပ်ခပ်ပျပ်ပျပ် ကောင်းလေးတစ်ယောက်ကို မိန်းကလေး အလုပ်ခိုင်းရသည်ပေ့ါ။ ဇာတ်တိုက်ရာတွင်တော့ဖြင့် ယောကျ်ားလေး အဝတ်အစားနှင့်ပါပဲ။ တကယ့်ကို ပြဇာတ်ကမည့်ညကျတော့ အဲဒီကောင်က ဘယ်ဆရာမတွေ၊ ဗိုလ်ကတော်တွေနှင့်သွားပြီး အကြံအဖန်လုပ်လိုက် သည်မသိ၊ပကတိမိန်းကလေးရုပ်အပြည့်ထွက်နေသည်။ ကျွန်တော်က ကန်လန့်ကာဆွဲဖို့၊ ချဖို့ ဟိုကိစ္စ ဒီကိစ္စတွေနှင့် ကန့်လန့် ကာနောက်ကွယ်တွင်အလုပ်ရှုပ်နေတုန်း မိန်းကလေးလိုဝတ်ထားတဲ့ ဒီအကောင်က ဒီအတိုင်းမနေ။"ဆရာ့" လို့ဆိုတဲ့ပြီး ကျွန်တော့်ကို ဖက်နမ်းလိုက်တော့ ကျွန်တော် တကယ့်ကို လန့်သွားသည်ပြီးတော့မှ"ခွေးကောင်မ" ဟု ဆဲလိုက်ရသည်။ သူတို့အားလုံး တဝါးဝါးပဲပေ့ါ။ အော် ဒီအကောင်မ(သို့မဟုတ်) အဲဒီကောင် ခုတော့ဖြင့် ဘာဖြစ်နေပြီလဲ ကျွန်တော်မပြောတတ်တော့ပြီ)

ကျွန်တော့်ကို ဗိုလ်ချုပ်သောင်းဒန်က ယဉ်ကျေးမှုအဖွဲ့သားတွေထက်သပ်ရပ်ပါပေသည်ဟု ချီးကျူးသွားခဲ့သည်။ ဘာကြောင့် သပ်ရပ်ခဲ့သနည်း။ ကျွန်တော်ကသူတို့ယဉ်ကျေးမှုအဖွဲ့ထက် အားသာချက်တွေ အများကြီး ရှိခဲ့သည်။ ထိုအားသာချက်တွေကို ကျွန်တော်က အသုံးချခဲ့ခြင်းဖြစ်သည်။ ဒါတွေက

အခုနောက်မှ စဉ်းစားသုံးသပ်မိ တာတွေပါ။ ဟိုစဉ်ကတော့ ဘယ်မှာသိပါမည်လဲ။ (စွတ်လုပ်ခဲ့တာတွေပဲ ဆိုပါတော့။)

စစ်တက္ကသိုလ် မြန်မာစာသင်တန်းတွင် တစ်လတစ်ခါ ကျဖမ်းစကားပြောလေ့ကျင့်ကြရသည်။ ခေါင်းစဉ်ကို မဲနှိုက်ယူကြရသည်။ ပြောချင်တာပြောပေါ့။ မှားချင်လဲမှားပေါ့၊ မှားတော့လဲ ဝိုင်းပြီးရယ်ကြပေါ့။ သည်တော့ ကျွန်တော်က ဗိုလ်လောင်းတွေရဲ့ ပြောဟန်ဆိုဟန် ပုံပန်းသွင်ပြင်ကိုသိနေတော့သည်။ ကျွန်တော်ခင်းမယ့်ပြဇာတ် ထဲက ဇာတ်ကောင်၏စရိုက်ကို ကျွန်တော်ကတွက်ကြည့်လိုက်သည်။ ကျွန်တော့်ဇာတ်ကောင် စရိုက်နှင့်လိုက်ဖက်မည့် ဗိုလ်လောင်းကို ကျွန်တော်က ဇာတ်ရုပ် ရွေးလိုက်သည်။ ဆိုပါစို့ ကျွန်တော့် ဇာတ်ကောင်က စိတ်ရင်း သိပ်ကောင်း သည်၊ သို့သော် စိတ်တိုတတ်သည်၊ စကားနည်း သည်၊ မဟုတ်ရင်သည်းမခံတတ်၊ ပေါက်ကွဲတတ်သည်၊ သတ္တိသိပ် ကောင်းသည်။ ထိုသို့သောစရိုက်မျိုး နှင့်လိုက်ဘက် သော မျက်နှာပေါက်ရှိသည့်ဗိုလ်လောင်းကို ကျွန်တော်ကရွေး လိုက်သည်။ သူကတစ်ခါမှမလုပ်ဖူးသေးတော့ ငြင်းတတ်သည်။ ကိစ္စမရှိ ငါသင်ပေးမည် ဟုတာဝန်ယူလိုက်သည်။

သည်တော့ ယဉ်ကျေးမှုဌာနနှင့် ကျွန်တော်ကအတော် လေးကွာသွားပါလေပြီ။ သူကဌာနတွင်းမှာရှိသမျှ လူလောကကို သာရွေးခွင့်ရသည်။ ကျွန်တော် ဗိုလ်လောင်း သုံးလေးရာ

လောက်ထဲက ရွေးယူလိုက်ရခြင်းဖြစ်သည်။ ရွေးလိုက်ပုံက မင်းသားလူကြမ်းသတ်မှတ်ထားသည်မျိုးမဟုတ်၊ ကျွန်တော်၏ ဇာတ်လမ်းအရ သင့်တော်သည့်နေရာကို ချထားလိုက်ခြင်းဖြစ်သည်။ လူကြမ်းပဲဖြစ်ဖြစ်၊ သူခိုးပဲဖြစ်ဖြစ် အကြောင်းမဟုတ်။ ပြဇာတ်ကောင်းဖို့သာလျှင်ပဓာန။ အဲဒါကျတော့သူတို့အားလုံးကကို လိုလိုချင်ချင်။ (ကျွန်တော့်တပည့် ဗိုလ်လောင်းတွေအကြောင်းကို သိစေချင်သောကြောင့်) သူတို့ကျောင်းဆင်းပွဲပြဇာတ်ကောင်းလျှင် ဘာကိုပဲလုပ်လုပ်ရ အသက်ထွက်သွားစေဦးတော့ ဆိုတာမျိုးတွေဖြစ်သည်။ စာဖတ်သူက ပိုလွန်းတယ်ဟုထင်လေမည်လား မသိ။ တကယ့်ကို သူတို့ကျောင်းဆင်းပွဲပြဇာတ် ကောင်းတာကိုပဲ လိုချင်သည်။ ယခုဤစာကိုရေးနေရင်းပင် သူတို့ကို လွမ်းနေမိပြန်သည်။

ဆိုလိုသည်က ကျွန်တော့်မှာ 'ရန်အောင်' 'လူမင်း' စတာမျိုး ဇာတ်လိုက်မင်းသားအကန့်အသတ်မရှိ။ ကျွန်တော်၏ ဇာတ်လမ်းအရ၊ ဇာတ်ကောင်စရိုက်အရ ရွေးချင်သူကို ရွေးပိုင်ခွင့်ရှိသည်။ လက်ဘက်ရည်ပန်းကန် လာချပေးတာမျိုးလောက်ကိုသာလုပ်ရသည့် 'ဖြတ်လျှောက်'လုပ်ရလျှင်လည်း စိတ်အားထက်သန်စွာလုပ်သည်။

ကျွန်တော့်ပြဇာတ်အတွက် ဗိုလ်လောင်း ၄၀ လောက် ကျွန်တော်ကယူထားသည်။ ဇာတ်လမ်းအတွက် ဇာတ်ခုံမှာ

ရှေ့ထွက်ရသူက အလွန်ဆုံး ဆယ့်လေးငါးယောက်လောက်ပဲ ဖြစ်သည်။ ကျန်တာတွေက ကန့်လန့်ကာ နောက်က ပြေးရလွှား ရသူများဖြစ်သည်။ ဆိုပါစို့ ဇာတ်ဝင်ခန်းအရ ကုတင်ချရမည်၊ ကုလားထိုင်ခင်းရမည်၊ စားပွဲ ပေါ်တွင် နာရီရှိရမည်။ နာရီနှိုးစက် မြည်ရမည်။ ဒါတွေအားလုံးကို ကျွန်တော်ကတာဝန်များ ခန့်ထားသည့်ဗိုလ်လောင်းကို ပြောထားလိုက်ရုံသာဖြစ်သည်။ သူက စာရင်းမှတ်တမ်းတင်ထားလိုက်သည်။

ဆက်တင်တွေ လျှပ်တစ်ပြက်မှာပြီးအောင် ကုတင်ချဖို့ ဘယ်သူဘယ်ဝါ၊ ကုလားထိုင်က ဘယ်သူဆိုတာမျိုး အပြီး ခန့်ခွဲ ထားလိုက်သည်။ ကုတင် ကုလားထိုင်ထားရမည့်နေရာကို ဇာတ်ခုံ ကြမ်းပြင်ပေါ်တွင် မြေဖြူနှင့်မှတ်ထားလိုက်သည်။ အခန်းတိုင်း၏ဆက်တင်အညွှန်းကိုမှတ်တမ်းဖိုင်လုပ်ထားပြီး ညက်နေအောင်ဖတ်ထားကြရသည်။ ဒါတွေကို ကျွန်တော်က အသေးစိတ်လိုက်ခိုင်းနေသည်မဟုတ်။ သူတို့ဘာသာသူတို့ ဘယ်လိုလုပ်ရမည်ကိုသိပြီး လုပ်သွားကြခြင်းဖြစ်သည်။ တစ်ခါတရံ ဇာတ်လိုက်ကအရပ်ဝတ်မှစစ်ဝတ်စုံပြောင်းဝတ် ရသည်၊ ရှေ့တစ်ခန်းအပြီး ကန့်လန့် ကာချလိုက်သည်နှင့် တစ်ပြိုင်နက် အင်္ကျီဘောင်းဘီဖိနပ်ခြေအိတ်ကို အသင့်ကိုင်ပြီး စောင့်နေသူတွေက အပြေးအလွှား ရောက်လာသည်။ ခြေအိတ် စွပ်ဖိနပ်စီးပေးသည်ကိုပင် ဘယ်ခြေညာခြေ တာဝန်ခွဲချထား

လိုက်သည်။ တိုတိုပြောရလျှင် သူတို့ကိုယ်တိုင်က "ပြဇာတ်စစ်ဆင်ရေး"အဖြစ်သဘောထားနေကြသည်။

ကျောင်းအုပ်ကြီးက ပြဇာတ်အတွက်ပေါ် လီစီလောက်ပဲ ပြောလိုက်သည်။ ကျန်တာ ကျွန်တော့်ဘာသာ ကျွန်တော်ကြည့်လုပ်သွား၊ သေနတ်တို့၊ ယမ်းခဲ့တာတို့ စသည့်လိုအပ်တာ တွေကိုတော့ သက်ဆိုင်ရာကပေးလိမ့်မည်။ ထို့အတူ ကျွန်တော်ကလည်း တာဝန်များဗိုလ်လောင်းအားလိုအပ်ချက်ကိုပြောပြလိုက်သည်။ တစ်ခါတရံကျွန်တော်က ဘာမှပြောနေစရာမလိုသူ့ဘာသာသူပြဇာတ်တိုက်တာကို ဘေးကကြည့်နေရင်းမှတ်သွားသည်။

ကောင်းပြီ ဒါဖြင့် သရုပ်ဆောင်သူတွေကကော။

ကျွန်တော် နည်းနည်းတော့ ကြွားလိုက်ပါရစေ။ ကျွန်တော်သည် သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်သည်ဟုပြောချင်သည်။ သူတို့ကိုသရုပ်ဆောင်ပြလိုက်သည့်အခန်းများတွင် မျက်ရည်ဝဲရမည့်အခန်းကို သရုပ်ဆောင်ပြလျှင် ကျွန်တော်ကိုယ်တိုင်က မျက်ရည်ဝဲလာသည်။ မျက်ရည်ကျရသည့်အခန်းမျိုးကိုသရုပ်ဆောင်ပြလိုက်လျှင် ကျွန်တော်ကိုယ်တိုင်က တကယ့်ကိုမျက်ရည်ပိုးပိုး ပေါက်ပေါက်ကျလာသည်။ ဇာတ်တိုက်သည်ကိုကြည့်နေကြသော ဗိုလ်လောင်းများကိုယ်တိုင်ပင် ဇာတ်တိုက်နေသည်ကိုမေ့သွားပြီး

သူတို့ရင်ကိုခိုက်သွားတတ်သည်။

ထိုသို့ သရုပ်ဆောင်ပြလိုက်သောအခါ တကယ် သရုပ်ဆောင်ပြရမည့် ဗိုလ်လောင်းက စိတ်ဓာတ်ကျသွားတတ် သည်။ "ဘယ်နည်းနဲ့မှ ငါလုပ်နိုင်မှာ မဟုတ်တော့ဘူး"ပေါ့။ သူက တစ်ခါမှ မလုပ်ဖူးသေးသည်ကိုး။ ဇာတ်မင်းသားမှ မဟုတ် ပါပဲကလား။ စိတ်ဓာတ်ကျပေမည်ပေါ့။

သို့သော် ကျွန်တော်က "ဟန်ဆောင်ခြင်း"နှင့် "သရုပ် ဆောင်ခြင်း" ကိုခွဲခြားသိနေသည်။

"သရုပ်ဆောင်ခြင်း" သည်"ဟန်ဆောင်ခြင်း"မဟုတ်။

ယခု 'အားကာ' မှာရောက်နေသည့်၊ ခြေထောက် တစ်ဘက်အတုကြီးနှင့် ဂေါက်ရိုက်နေသော (ဗိုလ်မှူး၊ ငြိမ်း) ဉာဏ်ထွန်းသည် ကျွန်တော့်ဇာတ်လိုက် ဖြစ်ခဲ့ဖူးသည်။

ကျွန်တော့်ဇာတ်လမ်းထဲက ဇာတ်လိုက်နာမည်က ထွန်း မြင့်။ (ထွန်းမြင့် ဆိုသည်က ကျွန်တော့်သူငယ်ချင်း ကဗျာဆရာ တက္ကသိုလ်မင်းမော်။ ဒီအကောင်က အဲဒီအချိန်တွင်လန်ဒန်သို့ ပညာတော်သင်သွားနေခိုက်ဖြစ်သည်။ သူ့ကို သတိရသော ကြောင့် ဇာတ်လိုက်တွေကို ထွန်းမြင့်လို့ချည်းနာမည်ပေးခဲ့သည်)

စကားပြန်ကောက်ပါမည်။

ဉာဏ်ထွန်းကိုယ်တိုင်က သူ့ကိုယ်သူ ဉာဏ်ထွန်းဆိုတာ ပျောက်သွားပြီး ထွန်းမြင့် လိပ်ပြာပူးသွားအောင် လုပ်ရသည်။

သို့သော် ဉာဏ်ထွန်းကို ချက်ချင်းပျောက်သွားအောင်လုပ်လို့မရ။ ထွန်းမြင့်ပုံစံသရုပ်ဆောင်ပြလိုက်၊ ထွန်းမြင့်၏ ပင်ကိုစရိုက်နှင့် ထိုအခိုက်တွင် သူ၏ရင်တွင်း၌ ခံစားနေရမှုကို ပြောပြလိုက် လုပ်ပေးရသည်၊ သည်လိုနှင့် ဉာဏ်ထွန်းသည် ထွန်းမြင့်၏ခံစားမှုကို ဝေမျှယူပြီးခံစားရာမှ ပူးဝင်ခံစားလာသည်။ ထို့ကြောင့် ဉာဏ်ထွန်းသည် ထွန်းမြင့် ဖြစ်မှန်း မသိဖြစ်လာသည်။

စစ်တက္ကသိုလ်က ဗိုလ်လောင်းတွေ၏ ချစ်စရာကောင်းပုံကိုပြောလိုက်ရဦးမည်။

ပြဇာတ်အဖွဲ့ဝင်တွေက သူတို့အဆောင်ကိုပြန်ရောက်သွားလျှင် ဉာဏ်ထွန်းကို သည်အတိုင်းထားသည် မထင်လေနှင့်။ သရုပ်ဆောင်မှုကို အလေ့ကျင့်ခိုင်းသည်။ စကားလုံး သံနေသံထား၊ အဖြတ်အတောက်၊ အရှိုက် အငင်၊ ထန်မာန်ကအစ ကိုယ်လက်မျက်နှာအမူအရာထိအောင် အကျင့်ခိုင်းသည်။ သူတို့ကိုယ်တိုင်ကလည်း ကျွန်တော် သရုပ်ဆောင်ပြသည်ကို သတိပြုမှတ်သားထားခဲ့သည်ကိုး။ သည်တော့ဘယ်နေရာလေးမှာ လိုသေးသည်၊ ဘယ်နေရာလေးမှာ လွဲနေသည် စသည်ဖြင့် ဝိုင်းပြီး ဒါရိုက်တာလုပ်ကြပြန်သည်။

ဤနေရာတွင်ဗိုလ်လောင်းတွေ၏ စရိုက်ကိုဖြတ်ပြီး ပြောလိုက်ရဦးမည်။

ပြင်ဦးလွင်တွင် လေ့ကျင့်ရေး၊ ဆက်သွယ်ရေး၊ အုပ်ချုပ်မှု

အကူအတတ်သင် စသည်အားဖြင့် တပ်ရင်း ၁၄ ခုလောက်ရှိသည်။ တပ်နယ်တစ်ခုလုံး အားကစားပြိုင်ပွဲတွေနှစ်စဉ်လုပ်သည်။ ဘောလုံး၊ လက်ဝှေ့၊ ပြေးခုန်ပစ် စသည့်အားကစားပွဲဝင်မည့်ဗိုလ်လောင်းများကို ဝက်ဝက်ကွဲအောင် အားပေးကြသည်။ လက်ခုပ်တီးဟစ်အော်ပြီး အားပေးကြရုံမျှသာမထင်ပါလေနှင့်။ သူတို့ 'ကိုတာ' ရသည့်ကြက်ဥစသည်တို့ကို ထိုဗိုလ်လောင်းအားဝိုင်းပေး ထားကြသည်။ အလျှံအပယ်စားပေရော့။ စားဖို့အားပေးသကဲ့သို့ လေ့ကျင့်ဖို့ကိုလည်း မပြတ်သတိပေးသည်။ ထိုသို့သတိပေးသကဲ့သို့ပင် "ဟိုကောင် ခုထက်ထိမအိပ်သေးဘူးလား၊ အိပ်တော့၊ အိပ်ရေးဝရမယ်ဆိုတာ မင်းနားမလည်ဘူးလား" စသည်ဖြင့်လည်း စီနီယာဗိုလ်လောင်းကြီးတွေက ငေါက်တတ်သည်။

စစ်တက္ကသိုလ်တပ်ရင်းတွင် 'ဘုရင့်နောင်' 'အလောင်းဘုရား' စသည်ဖြင့် တပ်ခွဲ ၄ ခုရှိသည်။ လေ့ကျင့်ရေး၊ ပညာရေး၊ အားကစားစသည်အားဖြင့်ဘက်စုံထောင့်စုံတပ်ခွဲချင်းပြိုင်ရသည်။ ဘက်စုံဗိုလ်စွဲသောတပ်ခွဲကို မူရင်းနာမည်ပျောက် "အောင်စစ်သည်တပ်ခွဲ" နာမည်ရောက်ရသည်။ ဒီဂုဏ်ကိုဗိုလ်လောင်းတိုင်းမက်မောသည်။ မက်မောသည်ကိုလည်းမပြောလေနှင့် စစ်ရေးပြအခမ်းအနားများတွင် အခမ်းအနားပြီးလို့ တပ်ခွဲတွေကွင်းထဲကထွက် ပလားဆိုလျှင် "အောင်စစ်သည်တပ်ခွဲ"က

အရင်ဆုံးထွက်ရသည်။ သည်အခါမှာ ကျွန်ုပ်တပ်ခွဲတွေက လက်နက်နှင့်တကွ အလေးပြုပြီး ရပ်ကျန်နေခဲ့ရသည်အောင်စစ်သည်က ငနဲတွေက ခေါင်းတမော့မော့ ရင်တကော့ကော့နှင့်။

သည်တော့ သက်ရောက်လာသည့်အကျိုးက. . .

စစ်တက္ကသိုလ်တပ်ရင်းအတွင်း တပ်ခွဲချင်းများပြိုင်ကြပါလားဆိုလျှင် ကြောက်ခမန်း လန့်ခမန်း အားကြီး မာန်တက်ရှိသည်။ လက်ဝှေ့ပွဲဆိုလျှင် သူငယ်ချင်းကိုမပြောနှင့် ညီရင်းအစ်ကိုတောင် အညှာမပေး သေရော ကြေရော ထိုးကြသည်။ ပြီးမှ 'ညီလေး' ဆိုပြီးဖက်ငိုကောင်းငိုမည်။ တပ်ခွဲချင်းပြိုင်သည့်ဘောလုံးပွဲကိုကြည့်ရပြီဆို လျှင် ကျွန်တော်တို့လို၊ ဆရာတွေ၊ ဗိုလ်တွေက ကြည့်နေရင်း "နွားသတ်နေတဲ့အတိုင်းပါပဲလားဟ" ဟုပြောရလောက်အောင် ပွဲကြမ်းသည်။"ပွဲကြမ်းသည်" ဟုပြောလိုက်သည်က 'လူချ'သောကြောင့်မဟုတ်။ ဘောလုံးရဖို့အတွက် ခြေနှစ်ချောင်းပြုတ်သွားပလေ့စေ ဆိုတာမျိုး လုကြသောကြောင့်ဖြစ်သည်။ သူတို့မျက်နှာထားတွေကလည်း တကယ် ကိုခက်ထန်လာသည်ဟု ကျွန်တော်ထင်မိသည်။

ကျွန်ုပ်ကော့်ပြဇာတ်အဖွဲ့ကဒီလိုလူမျိုးတွေ စုနေလေတော့ မကောင်းဘဲခံနိုင်ပါတော့မည်လား။

သတိရလာလို့ပြောလိုက်ရပါဦးမည်။ တစ်နှစ်တွင်တော့ဖြင့် ကျောင်းဆင်းညစာစားပွဲကို ဒန်ပေါက်ကျွေးမည်။ အချက်

အပြုတ် ဝါသနာပါသောဗိုလ်များ၊ ဗိုလ်ကြီးများနှင့် ဆရာ အချို့က ဒန်ပေါက်ကို သူတို့ကိုယ်တိုင်ဖောက်ကြမည်ပေါ့။ လုပ်ကြပေါ့။ ကျွန်တော်ကတော့ ပြဇာတ်နှင့်သာဆိုင်သည် မဟုတ်လား။ သူတို့ဒန်ပေါက်ကို စိတ်မဝင်စား။ ဒီအခါတွင် ကျောင်းအုပ်ကြီးက ဗိုလ်မှူးကြီး 'အယ်လ်ခွန်နောင်'။

ဘယ်လိုကဘယ်လို ဖြစ်ကြသည်မသိ၊ ဒန်ပေါက်က တစ်စက်မှမကောင်း။ ကျောင်းအုပ်ကြီးက ဒန်ပေါက်ကို တော်တော်ကြီး'ဒေါပေါက်'သွားသည်။ ထိုနောက်တွင်မှ ပြဇာတ်ကိုကြည့်လိုက်ရတော့ အလွန်ကြိုက်သွားသောကြောင့် ဒေါသပြေသွားပြီး စိတ်ကြည်လင်သွားပုံရသည်။ ကျောင်းဆင်း ပွဲပြီးသည့်အခါ ပြန်လည်သုံးသပ်ဂုဏ်ပြုသည့် ညစာစား ပွဲကို အရာရှိရိပ်သာမှာလုပ်လေ့ရှိသည်။ ထိုပွဲတွင် ဒန်ပေါက်သမား တို့ 'အဆဲခံ' ရတော့မည်မှာသေချာသည်။ 'ဆဲ'သည်ဆိုခြင်းက စကားအဖြစ်သာ သုံးလိုက်ခြင်းဖြစ်ပါသည်။ တကယ်တော့ဖြင့် အပြစ်တင်ခြင်းသာဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့လောက တွင် ဆဲသည်ဟုပဲသုံးခဲ့ကြပါသည်။

ထိုပွဲတွင် ကျောင်းအုပ်ကြီးက အားလုံး သိုက်သိုက် မြိုက်မြိုက်ပြီးဆုံးသွားသောကြောင့် ကျေးဇူးတင်ကြောင်း၊ သို့သော် ဒန်ပေါက်ကတော့ နည်းနည်းလေးညံ့ကြောင်း၊ ပြဇာတ်ကတော့ဖြင့် အလွန်ကိုကောင်းကြောင်း ပြောလိုက် တော့

'ဗိုလ်ဒန်ပေါက်'တို့တစ်တွေက "အမယ်လေး ပြဇာတ်ကယ် ပေလို့"ဟုပြောပြီး ကျွန်တော့်လက်ကိုဆွဲတဲ့၍ ခါရမ်းကျေးဇူးတင် လိုက်ကြသည်မှာယခုစာရေး နေရင်းပင်သတိ ရနေမိပါသေးသည်။

ထိုသို့ပွဲမျိုးတွင် ကျွန်တော်တို့လို အရာရှိငယ်များက ဘယ်တော့မှ လူကြီးတွေနှင့်အရောမဝင်ချင်။ ကိုယ့်အစု နှင့် ကိုယ်ဖန်ခွက်ကိုယ်စီကိုင်ပြီး တဟားဟားနေတတ်ကြသည်။ ထိုအခိုက်မှာပင် 'ဇာတ်ဆရာလာခဲ့' လို့ ကျောင်းအုပ် ကြီးကခေါ် နေသည်ဆိုတော့ ကျွန်တော့်မှာ ဘာမှန်းမသိ၊ ညာမှန်းသိ ဗိုလ်မှူးကြီးဆီပြေးရသည်။ ဗိုလ်မှူးကြီး ခွန်နောင်က ဒီအတိုင်း မလာနဲ့၊ ခွက်ပါယူလာခဲ့" ဟုဆိုလိုက်တော့အနားက စစ်ဗိုလ် တွေအားလုံး ရယ်မော ကြသည်။ သူသောက်နေသည်က ဗီစကီ။ ကျွန်တော်တို့က 'အာမီရမ်'။ ကျွန်တော်က ဖန်ခွက်ကလေးပါ ယူပြီး သူ့အနားကပ်သွားလိုက်တော့ "လာ-ဇာတ်ဆရာကို ဂုဏ်ပြု တာ" ဆိုပြီး။ တစ်ပက်ခွဲစာလောက်ထည့်ပေးသည်။ ကျွန်တော် ကလည်း နည်းနည်းလေး ထွေစပြုနေသည်မို့ "ဗိုလ်မှူးကြီးနည်း နည်းလောက်ထပ်ထည့်လိုက်ပါဦး" ဆိုလိုက်တော့ သူကရယ်ပြီး ထပ်ထည့်ပေးသည်။ ဘေးကစစ်ဗိုလ်တွေက လည်းရယ်ကြ သည်။ လက်ခုပ်လည်းတီးလိုက် ကြသေးသည်။ ကျွန်တော် ယခု ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ ကျွန်တော်က ကလေးဆိုးကြီး လိုလုပ်ခဲ့သည်၊ သူကလည်း ဖခင်တစ်ယောက်လိုပါပဲဟု ခံစားပြီး တကယ်လွမ်းမိပါသည်။

နန်းနှင့်စာအုပ်တိုက်

ကျွန်တော် ဒါရိုက်တာအဖြစ်အောင်မြင်ခဲ့သည်ကို ပြန်လည်စဉ်းစားပြီး သုံးသပ်ကြည့်လိုက်သောအခါ-

ဇာတ်လမ်းဇာတ်ညွှန်းကိုကျွန်တော်ကိုယ်တိုင်ရေးခဲ့သည်။

ဇာတ်လမ်းနှင့်အံဝင်မည့်ဇာတ်ဆောင်၊ လူမှန်နေရာမှန် ရွေးနိုင်ခဲ့သည်။

အဖွဲ့သားအားလုံးက အောင်မြင်လိုစိတ်ထက်သန် ကြီးမားသည်။

မိမိတို့ကျရာတာဝန်ကို အကောင်းဆုံးဖြစ်အောင် လုပ်ကြသည်။

ကျွန်တော်ကိုယ်တိုင်က ဟန်မဆောင်၊ သရုပ်ဆောင်ဖြစ် ၍ လိပ်ပြာပူးဝင်ခဲ့သည်။

ဟန်ဆောင်မှုမဟုတ်ဘဲသရုပ်ဆောင်သူဖြစ်အောင် သူတို့ကို လိပ်ပြာသွင်းပေးနိုင်ခဲ့သည်။

လိပ်ပြာသွင်းအောင်မြင်လိုက်ပုံမှာ သူတို့ကိုယ်သူတို့မေ့ သွားလောက်အောင်ဖြစ်သည်။ ပြဇာတ်ပြီးလို့ ဆယ်ရက်ဆယ့်ငါး ရက်လောက်တိုင်အောင် ပြဇာတ်ထဲကပုံစံအတိုင်း စကားပြော နေတတ်သောကြောင့် သူငယ်ချင်းဗိုလ် လောင်းတွေက "ဟေ့ ကောင်ဉာဏ်ထွန်း-ထွန်းမြင့်ပုံစံကြီးလုပ်မနေနဲ့" ဟုပြောယူ ရသည်။

**နန်းမင်းစာအုပ်တိုက်**

သို့သော် ကျွန်တော့် အောင်မြင်ခြင်းလား၊ သူတို့အောင်မြင်ခြင်းလား။ ခွဲခြားလို့မရနိုင်ပြီ။

သေချာတာတစ်ခုကတော့ လိပ်ပြာမဝင်သမျှ ဘယ်ပြဇာတ်မျှမအောင်မြင်နိုင်ပါ။ သရုပ်ဆောင်ခြင်းသည် ဟန်ဆောင်ခြင်းမဟုတ်ပါ။ ။

❋ ❋ ❋

# ဘဝတန်ကြေး

**စကားချီး။** ။ ဘာသာပြန်မျှသာလျှင် ဖြစ်ပါသော်လည်း စကားချီးလေးတော့ ပြောလိုက် ချင်ပါသေးသည်။

စစ်ပြီးခေတ် ကျွန်တော်တို့ တောင်တွင်းကြီး အထက (၁) တွင် နှစ်လရှည်ကြာ ကျောင်းအုပ်ကြီးလုပ်သွားခဲ့သူမှာ ဆရာကြီး 'ဦးမူ'ဖြစ်ပါသည်။ တိုင်းပညာဝန်အဖြစ် အငြိမ်းစားယူပြီးနောက် ကြို့ကုန်းတွင်နေထိုင်လျက်ရှိရာ ရန်ကုန်တွင်ရှိနေကြသော တပည့်ဟောင်းများက နှစ်စဉ်သွားရောက်ပြီး ဆရာကန်တော့ပွဲလုပ်လေ့ရှိခဲ့ကြပါသည်။ ကျွန်တော့်စာတွေကိုလည်း

သူကဖတ်မိတတ်သည်။ ကျွန်တော့်စာပေဟော ပြောပွဲအခွေတွေကိုလည်း နားထောင်ချင်သည် ဆိုသောကြောင့် ပို့ပေးလိုက်ရပါသေးသည်။ နားထောင်ပြီးနောက် အလွန်ဟာသရှင်သူတစ်ယောက်ဖြစ်သည့်အတိုင်း မှတ်ချက်ပေးလိုက်ပုံက "ငါ့မှာကွာ တစ်နေ့လုံးထိုင်ပြီး အောင်သင်းဆုံးမတာကို နားထောင်နေရတယ်" ဟူ၍ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်က ကန်တော့ပွဲတွင် သူကကျွန်တော့်အား "အောင်သင်း ဒီစာအုပ်ယူသွားကွာ၊ ဖတ်လို့ကောင်းတယ်ကွ။ ငါ့သမီး အမေရိကားကပို့လိုက်တာ"ဟုပြောပြီး စာအုပ်ကြီးတစ်အုပ်ကိုပေးလိုက်ပါသည်။ စာအုပ်က ရီးဒါးဒိုက်ဂျက်စ်တွေထဲက လက်ရွေးစင်ဆောင်းပါးစုစည်းမှုဖြစ်ပါသည်။ လူကြီးများဖတ်ရန်အတွက် စာလုံးအကြီးစားတွေ နှင့်ပုံနှိပ်ထားပါသည်။ ဆရာကြီးက ကျွန်တော်ဖတ်ရန်သာမဟုတ် ဖြန့်ရန်အတွက်လည်း ရည်ရွယ်သည်ဟုထင်ပါသည်။ ကျွန်တော်လည်း ဖတ်ကားဖတ်ပါ၏။ အလုပ်တွေများလွန်းသောကြောင့် ထိုစာအုပ်ဆီကိုမလှည့်နိုင်။

၁၈-၆-၂၀၀၂ တွင် ဆရာကြီးဦးမူကွယ်လွန်သွားပါသည်။ အသက် ၉၀ ဖြစ်ပါသည်။

ဤစာဖြင့် ဆရာကြီးကို ဦးညွှတ်ကန်တော့ လိုက်ရပါသည်။ ။

အနောက်ဗာဂျီနီးယား စပင်ဆာက 'ဆဲ့ဆီးလ်ဆ တားချား'။ ယခုဆိုလျှင် သူ့အသက် ၇၃။ မွေးရာပါ အပင်း၊ အအ၊ နောက်တော့ မျက်မမြင်၊ ဒုက္ခိတ။ သို့သော် သူကအလုပ် ကြမ်းလုပ်ရတာကို သဘောကျသည်။ လုပ်နိုင်စွမ်းလည်း ရှိသည်။

၇ နှစ်သားရှိတော့ မိဘများ၏ မွေးမြူရေးခြံတွင် ကူဖော်လောင်ဘက်ရလာသည်။ ၉ နှစ်သားရှိတော့ အစိုးရ ဆွံ့အ၊ နားမကြားဘော်ဒါကျောင်းသို့ သူ့ကိုပို့လိုက်သည်။ ထိုကျောင်းတွင် ၁၁ နှစ်ကြာခဲ့သည်။ ဆယ်ကျော်သက်ရွယ် ကျောင်းသားဘဝတွင် နွေကျောင်းပိတ်ရက်တိုင်း အလုပ်လုပ်ပြီး ပိုက်ဆံရှာသည်။ အသက် ၁၅ နှစ်သားတွင် သူ့ဖခင် အိမ် ဆောက်သည်ကို သူကကူညီလုပ်ကိုင်ပေးသည်။ သူ့ဖခင်မှာ ပိုက်ဆံပြတ်သွားသောကြောင့် သူက ဒေါ်လာ ၅၀ ချေးလိုက်ရ သေးသည်။

အသက် ၁၅ နှစ်ကျတော့ သူ့ဖခင်၏အိမ်နှင့် ပေ ၃၀ လောက်အကွာတွင်သူ့အိမ်ကိုသူကိုယ်တိုင်ဆောက်သည်။ သူ့ဘာသာ ဝင်ငွေရှာပြီးဆောက်ခြင်းဖြစ်သည်။ ဘယ်တုန်းကမှ သူတစ်ပါးထံမှ ငွေမချေးခဲ့။ ထောက်ပံ့ကြေးဆိုတာမျိုး မယူခဲ့။ ဒီနေ့ထက်တိုင် သည်မူအတိုင်းကျင့်သုံးသည်။

၁၉၃၅ တွင် 'ဂလက်ဒစ် ဘီးလစ်' ဆိုသောအမျိုးသမီး နှင့် အိမ်ထောင်ကျသည်။ သူကလည်း ဆွံ့အနားမကြား

ဖြစ်သည်။ ၁၉၃၈ တွင်သူတို့မှာ သားလေးတစ်ယောက်ရသည်။ 'ဆဲ့ဆီးလ် ဂျူနီယာ'။ ၁၉၄၂ တွင် ဇနီးသည်မီးဖွားရင်း ကွယ်လွန်သည်။ မွေးသည့်ကလေးကလည်း အသက်မပါလာ။ နောက်အတန် ကြာသောအခါ 'ကက်သရင်း ဟက်ဒရစ်' ဆိုသော အမျိုးသမီး တစ်ယောက်ကိုတွေ့သည်။ ကက်သရင်း ကလည်း သူတက်ခဲ့ရ သော ဆွဲ့အနားမကြား ကျောင်းထွက်ပင် ဖြစ်သည်။ ၁၉၄၅ တွင်သူတို့လက်ထပ် လိုက်ကြသည်။ သမီးလေးနှစ်ယောက်ထွန်း ကားသည်။ 'ရှားလော့' နှင့် 'ဂျင်နီ'။

သူသည် လူတွေကို ချစ်တတ်သည်။ စနေနေ့ရောက်ပြီ ဆိုလျှင် ခပ်လှမ်းလှမ်းရှိ မြို့လယ်ရုံးကြီးနားက စပင်ဆာ လမ်းဆုံသို့ လမ်းလျှောက်သွားသည်။ လက်ထဲမှာ ဗလာစာအုပ် ကလေးတစ်ခုကိုကိုင်ထားပြီး ရပ်နေရင်း ဖြတ်သွား ဖြတ်လာ ဟူသမျှကိုနှုတ်ဆက်စကားဆိုသည်။ လူတွေက သူ့လက်ဟန် ခြေဟန်သင်္ကေတကို နားမလည်ကြလျှင်ဖြစ်စေ၊ သူတို့၏ နှုတ်ခမ်းအလှုပ်အရှားကို သူက မဖတ်တတ်လျှင်ဖြစ်စေ ဗလာ စာအုပ်ကလေးတွင် အမေးအဖြေကို ရေးပြသည်။ အရေးခိုင်း သည်။ သူတို့တတွေ၏ မိသားစုအကြောင်းကို သူကသိချင် သည်။ 'သားလေး အလုပ်ရပြီလား' 'ခင်ပွန်းဖြစ်သူ နေမကောင်း တာ သက်သာသွားပြီလား' 'မိဘတွေဆီ ခဏပြန်သွားတဲ့ ဇနီးသည် ပြန်ရောက်ပြီလား' ဆိုတာမျိုးတွေဖြစ်သည်။

**နှ င် မှ င် စာ အု ပ် တို က်**

ထိုနောက် ရုံးကြီးဘေးတွင် ထိုင်ပြီးမိတ်ဟောင်း ဆွေဟောင်းများနှင့်စကား လက်ဆုံကျနေတတ်သည်။ သူကထိုထိုသော မိတ်ဆွေတို့၏ နှုတ်ခမ်းအလှုပ်အရှားကို စူးစူးစိုက်စိုက်ကြည့်ပြီး နားလည်အောင်ကြိုးစားသည်။

၁၉၅၇ ရောက်တော့ သူ့မျက်စိက ညဘက်တွင်ကောင်းကောင်းမမြင်ရတော့။ ထိုနောက်တော့ မသဲမကွဲ ဝိုးတိုးဝါးတားဖြစ်လာသည်။ သတင်းစာဖတ်လျှင်တောင် မျက်လုံးနားကပ်ပြီး မျက်စိကိုရှုံ့ဖတ်နေရသည်။ မျက်စိဆရာဝန် ကိုသွားပြီး ပြကြည့်လိုက်တော့ အာရုံခံမျက်လွှာက ပျက်စီးလာနေပြီး တဲ့သွားအောင်ကုလို့မရနိုင်တော့ဟု သိလာရ တော့သည်။

ထိုအချိန်တွင် သူက ရော်ဘာစက်ရုံတစ်ခုတွင် အလုပ်လုပ်နေခိုက်ဖြစ်သည်။ သူ၏မျက်စိကြောင့် ခါတုပစ္စည်း တွေအချိန်အတွယ်မှားယွင်းလျှင် ရော်ဘာတစ်ဖုံလုံး ပျက်စီးပါကသူ့တာဝန် သာဖြစ်ကြောင်းကို သဘောပေါက် သည်။ ထို့ကြောင့် ကြီးကြပ်ရေးမှူးအား "ကျွန်တော့် မျက်စိတွေကတစ်နေ့တခြားဆိုးလာတယ်၊ ဒီတော့ အလုပ်ထွက်လိုက်တာအကောင်းဆုံးပါပဲ"ဟုပြောပြီး အလုပ်ထွက်လာခဲ့သည်။ ထိုနေ့ကို သူ့တစ်သက်မမေ့နိုင်တော့။ ၁၉၅၈၊ ဇန္နဝါရီ ၁၁။

သူ့အသက် ၅၂ နှစ်တွင် မျက်စိလုံးဝကွယ်သွားသည်။ စိတ်ဓာတ်ကျသွားလိုက်သည်မှာလည်း ကမ်းကုန်ဖြစ်သည်။

ဘာအလုပ်ကိုမျှမရနိုင်တော့။ မိသားစုတစ်ခုလုံး သူ့ပင်စင် လစာလေးနှင့် စုငွေကလေးကိုသာ အားပြုနေရတော့သည်။

ကြိမ်တုတ်ကလေး တထောက်ထောက်နှင့်မြို့ထဲကိုတော့ လျှောက်သွားနိုင်သည်။ သို့သော် မိတ်ဆွေသင်္ဂဟတို့၏နှုတ်ခမ်းကို အဘယ်မှာ ဖတ်နိုင်ပါတော့မည်နည်း။ သူ့မိတ်ဆွေများကလည်း သူ့လက်မောင်းလက်ဖဝါးပေါ်တွင် မျက်မမြင် သင်္ကေတကို ရေးပြတတ်ကြသည်မဟုတ်။ မကြာခဏဆိုသလို ယောင်နနဖြစ်ပြီး အိမ်ကိုမပြန်တတ်သောကြောင့် လက်ဆွဲပြီး ပို့ကြရသည်။ သည်လို သူတစ်ပါးကိုအားထားနေရတာကြီးကို မနှစ်မြို့သောကြောင့် သူသည်မြို့ထဲသို့ ဘယ်အခါမှ မသွားတော့ချေ။ သူ့ဘဝ၏ တစ်ခုတည်းသော ဖျော်ဖြေမှုလေးကို ဆုံးရှုံးရပြန်ပါလေပြီ။

ထစ်ခနဲဆို စိတ်တိုတတ်သဖြင့် ဇနီးသည် 'ကက်သရင်း' ပင်လျှင် လန့်လာလေသည်။ သူ့အသက်ကိုသူရန်ရှာမည်စိုးသောကြောင့် နံရံတွင်ချိတ်ထားသည့် ပွိုင့်တူးတူး(၀. ၂၂) ရိုင်ဖယ်လေးကိုပင် ဝှက်ထားလိုက်ရသည်။ ဆရာဝန် တစ်ယောက်ကတော့ သူ့ကို အစိုးရဆေးရုံတွင် ထားဖို့ကောင်းသည်ဟု အကြံပေးသည်။ ကက်သရင်းက ဒါမျိုးကိုလုပ်ဖို့ မဆိုထားနှင့် ယောင်လို့တောင်စိတ်မကူးမိချေ။ သူ့သားကြီး ဆီဆီးလ်ဂျူနီယာ နိုင်ငံတော်စစ်မှုထမ်းတာဝန်မှ ပြန်လာသောအခါ

အကြီးအကျယ် စိတ်ဓာတ်ပြိုဆင်းသွားသည်။ သူ့ဖခင်၏ အမှီအခိုကင်းမဲ့လိုသည့် ကြောက်ခမန်းလန့်ခမန်း ဇာတိစိတ်ကြီးကို အသာထားလိုက်ဦး ပိတ်ပိတ်ကြီးမှောင်နေပြီး တိတ်တိတ်ကြီးဆိတ်နေသော ကိုးရာမဲ့ဘဝကြီးကို သူ့ဖခင် ဘယ်လောက်ကြာကြာကြံ့ကြံ့ခံနိုင်ပါမည်လဲ။

သို့သော်လည်း 'ဆဲ့ဆီးလ် ဆတာချား'ကတော့ ပြိုဆင်းမသွား။ 'ငါကွ'ဟူသောအသွင်က ပြန်ပေါ်လာလေသည်။ "သူ့ရင်ထဲမှာ ဖြစ်နေတာတွေ သူ့မျက်နှာမှာပေါ်နေတယ်။ ဘဝကိုရင်ဆိုင်ပစ်လိုက်မယ်ဆိုတဲ့ သူ့အဓိဋ္ဌာန်ကို အထင်းသား မြင်နေရတယ်"ဟု သူ့သားကြီး 'ဆဲ့ဆီးလ်ဂျူနီယာ'က ပြောပြသည်။

ဒီလိုနှင့် တစ်စတစ်စ သူသည် ကုလားထိုင်ကို ခွာစပြုလာသည်။ သူ့ဇနီးအား နယ်မြေစိုက်ပျိုးရေး ကိုယ်စားလှယ်ထံမှ စာရွက်စာတမ်းများကို အယူခိုင်းသည်။ သွားလေသူမိဘများ၏ အိမ်လွတ်နောက်ဘက်တွင် မြေညီကွက်လပ်ကလေးတစ်ခုရှိသည်။ သူ့စိတ်ကူးက ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ကို စိုက်ပျိုးသွားလိုက်မည်ဆိုလျှင် နွေဦးနှင့်နွေရာသီ တစ်လျှောက်လုံးတွင် သူလည်းအလုပ်နှင့်လက်မပြတ်ဖြစ်နေမည့်ပြင် ကိုယ့်မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းတို့မှာလည်း လတ်ဆတ်သော အသီးအနှံတို့ကို ဖောဖောသီသီကြီးစားရမည်။

သည်လိုနှင့် ၁၉၆၁ တွင် ဆီးနှင်းခဲများပျော်ချိန်ကိုစောင့်ရင်း အိမ်တွင်းဗာဟီရ အလုပ်ကလေးတွေကိုစပြီးလုပ်တော့သည်။မီးဖိုထဲတွင်တံမြက်လှည်းကြမ်းတိုက်လုပ်နိုင်သည်။ အိမ်တွင် ဘယ်ပစ္စည်းဘယ်နားမှာရှိသည်ကို သေချာမှတ်မိအောင်လုပ်သည်။ သူ့လက်နက်ကိရိယာကလေးတွေကိုလိုလျှင် အလွယ်တကူရနိုင်အောင် သေတ္တာလေးတစ်ခုတွင်စုထည့်ထားလိုက်သည်။ ရေပိုက်ခေါင်းကရေမလုံလျှင် သူကဝါရှာလဲပေးလိုက်သည်။ အိမ်နံရံတွင်ရှိတတ်သော အက်ကြောင်း ကွဲကြောင်းများကိုလက်နှင့်လျှောက်စမ်းပြီး အင်္ဂတေမဆလာဖို့ထားပေးသည်။ ကက်သရင်းက ဆေးသုတ်ပေးသည်။

ဆောင်းကုန်လုနီးသောအခါ စတုရန်းပေ ၄၀၀၀ ခန့်ရှိသော စိုက်ကွက်ကိုပြင်ဆင်လေသည်။ အိမ်နီးချင်းတစ်ယောက်တွင်ထွန်စက်ကလေးတစ်လုံးရှိသော်လည်းထွန်ပေးပါဟုမတောင်းခံ။ သူ့ဘာသာသူဖြစ်အောင်လုပ်ချင်သည်။ မနက်ရှစ်နာရီတွင် ကြိမ်တုတ်ကလေး တထောက်ထောက်နှင့် စိုက်ကွက်ကိုရောက်အောင်သွားသည်မာကျစ်နေသော မြေကို ပေါက်တူးနှင့်မြေလှန်သည်။ ည ၇ နာရီ၊ ၈ နာရီတိုင်အောင် အလုပ်လုပ်သည်။ ချုံပင်နွယ်မြစ်တွေ ကျောက်စိုင်တွေ ကိုတူးပစ်သည်။ ကျောက်စရစ်တွေကို ထွန်ခြစ်နှင့်ဆွဲပစ်သည်။ တစ်ပတ်ပြီးတစ်ပတ်ကြာလာတော့ သူ့မျက်နှာတွင်

စိတ်ဓာတ်ကျသည့်လက္ခဏာများ၊ အလိုမကျသည့်သွင်ပြင်များ ပျောက်သွားသည်ကို ကက်သရင်း သတိပြု မိသည်။ အလုပ်ကြမ်းအရသာကို ပြန်လည်ခံစားနိုင်ပြီ။ ပစ္စည်းထုတ်လုပ်နိုင်စွမ်းသောလူသားတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသက်သေပြနိုင်ပြီ။

ကက်သရင်းညွှန်ပြသည့်နေရာများတွင် ခပ်နက်နက်တွင်းကလေးတွေတူးပြီး တိုင်ကလေးတွေကို ခိုင်နေအောင် စိုက်ပေးရသည်။ ထိုတိုင်ကလေးတွေကို ကက်သရင်းက ဝိုင်ယာကြိုးကလေးတွေ သွယ်တန်းပေးသည်။ ဤသို့အားဖြင့် သူက ပျိုးကြောင်းကို တန်းနေအောင်တူးနိုင်သည်။ သူကထိုပျိုးကြောင်းကလေးတစ်လျှောက်တွင် မျိုးစေ့တွေကိုကြဲသည်။ ကက်သရင်းက ပျိုးပင်ကလေးတွေကို စိုက်ပေးသည်။ သူ့မြေကွက်ကိုမိုးနေသော လမ်းမကြီးဘေးတွင် အိမ်ဆောက်ရန် မြေတူးရာ မြေပြိုလိုက်သောကြောင့် သူ့အိမ်ဘေးက ချောင်းကာကျောက်ရိုးပါပြိုကျသွားလိုက်သေးသည်။ သည်ဟာကိုပင် အိမ်ဆောက်သူများအား ပြန်လည်ထူထောင်ပေးဖို့ သူမပြောတော့။ ကျောက်တုံးတွေကို လက်နှင့်စမ်းကာစမ်းကာတင်ပြီး ပြန်ဆောက်လိုက်သည်။ ထိုရေတားမှာ ယနေ့ထက်တိုင် သူလုပ်ခဲ့သည့်အတိုင်း ခိုင်ခိုင်မတ်မတ်ရှိနေသေးသည်။

၁၉၇၄ တွင် အိုဟီးယို၊ အက်ကရွန်တွင်နေသော သမီးလေး ဂျင်နီနှင့်သူ့ခင်ပွန်းတို့က ကျေးလက်တွင်နေမည်ဟု

ပြန်လာကြသည်။ သူတို့က 'ဆဲ့ဆီးလ်'၏ ဖခင်ဆောက်ခဲ့သော အိမ်တွင်နေကြသည်။ သမီးလေး ဂျင်နီက သူ့ဖခင်မျက်စိ ကွယ်သွားပါပြီဆိုကတည်းက ရင်ကွဲပက်လက်သနားနေမိခဲ့ရှာ သည်။ ခုတော့ဖြင့်ကြည့်နေရင်းပင် သူ့ဖခင်ကို တိုး၍တိုး၍ အံ့သြခြင်း ကြည်ညိုခြင်းဖြစ်လာမိသည်။ မနက်လင်းလိုက် သည်နှင့် သူ့ဖခင်က ခြံထဲရောက်နေပြီ။ သီးပင်နှံပင်များကို ရေလောင်းပေါင်းသင်လိုက်၊ ခူးလိုက်ဆွတ်လိုက်လုပ်နေတတ် သည်။ နေ့လည်စာစားပြီးလို့တစ်နာရီလောက်ရှိလျှင် ခြံထဲပြန် ရောက်သွားပြန်သည်။ လေးဘက်ထောက်သွားရင်း လက်နှင့်စမ်းပြီးပေါင်းပင်များကိုနုတ်ပြန်သည်။

သူသည် အလကားနေသည်ဟုမရှိအလုပ်ကိုရှာကြံလုပ် နေတတ်သည်။ သစ်ပင်ကိုလှေကားထောင်တက်ပြီးနောက် အောက်ပိုင်းရှိ ကိုင်းခြောက်များကို လွှနှင့်ဖြတ်သည်။ ထိုကိုင်းများ ကိုဖြတ်တောက်ပြီးထင်းခွဲပြန်သည်။ တူနှင့်ပေကိုသုံးပြီး ကျောက်တုံးကြီးတွေကို လမ်းခင်းကျောက်အရွယ်ခွဲစိတ်ပစ် လိုက်သည်။ ထိုကျောက်ခဲများကို ခြံတွင်းကားလမ်းရှိ အချိုင့် အဝှမ်းများကိုဖို့သည်။

ပူပြင်းလှသော နွေရက်တစ်နေ့တွင် 'ကင်'က သူ့ ယောက္ခမအဖိုးကြီး တောင်စောင်းတွင် တံစဉ်တစ်ချောင်းနှင့်

မြက်ရိတ်နေသည်ကိုတွေ့ရသောကြောင့် သူက ကူပြီးရိတ်ပါရစေ ဟုပြောသည်။ ပြောလို့ကိုမရ။ တစ်နာရီလောက်ကြာတော့ နေထိုးလာသည်နှင့် 'ကင်'ကအရိပ်ထဲသို့ပြန်ဝင်လာခဲ့ရသည်သူ့ ယောက္ခမက နောက်နှစ်နာရီလောက်ကြာမှ အရိပ်ထဲဝင်နားပြီး ရေလေးသောက်တော့သည်။ အိမ်ရှေ့ကသစ်ပင်ခြောက်ကြီးကို လှဲရန် 'ကင်' ကခုတ်သည်။ ဆဲ့ဆီးလ်က တစ်လှည့်ကူခုတ်သည်။ ကင် ကလယ်ထဲယာထဲတွင် ကြီးခဲ့ရသူမဟုတ်။ ထို့ကြောင့် ပုဆိန်ချက်က တောင်ရောက်မြောက်ရောက်ခုတ်ရာ တစ်ခြား ရှုရာတစ်လွဲဖြစ်နေသည်။ ဆဲ့ဆီးလ်က မျက်စိကိုမှိတ်ပြီးအားစိုက် လွှဲခုတ်နေ သည်မှာ တစ်နေရာတည်းမှန်မှန်ကျနေတော့သည်။

ဘယ်အလုပ်မျိုးကိုမှသူမတွန့်။ အိမ်ရှေ့လမ်းဘေးရေ မြောင်းပိတ်ဆို့နေသောအခါ တာဝန်ရှိသူမြို့စည်ပင်မှုထမ်းက မြောင်းဖုံးကိုဖွင့်ကြည့်လိုက်ပြီး အမှိုက်ထွေးကြီးကို မြင်လိုက် တော့ ဘာလုပ်ရမှန်းမသိအောင်စိတ်ပျက်သွားသည်။ ဆဲ့ဆီးလ် က စိတ်မရှည်တော့သဖြင့် ဘာမပြောညာမပြော လည်ရှည် ဘွတ်ဖိနပ်ကြီးကို ကောက်စွတ်တဲ့ပြီး သံချောင်းနှင့်ထိုး၊ ဂေါ်ပြား နှင့်ကော်ပြီး ရှင်းပစ်လိုက်သည်။ 'ကင်'တို့မိသားစု ရောက်လာ သည့် နွေရာသီတွင် ဆဲ့ဆီလ်၏ ဇနီးဖြစ်သူ ကက်သရင်းက မိုင် ၁၅ဝ ခန့်ဝေးသော မိခင်နှင့်အကြီးဆုံးအစ်မကြီးတို့နေသည့်

ယာတောသို့ ခေတ္တပြန်သွားသည်။ ဆွဲဆီလ်ကတော့ သူ့ခြံကလေးကို စောင့်ရှောက်ရင်းအိမ်မှာပဲ ကျန်ခဲ့သည်။ သူက အိမ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည်ကို ဘာမျှမမှု၊ အမှတ်မထား။ သမီးဖြစ် ဂျင်နီက သူ့အိမ်မှာပဲ မိသားစုနှင့်အတူ လာစားရန်ပြောသည်။ သူက ကြည့်သေးတာပေါ့ဟုပဲ ပြန်ပြောသည်။ ပထမဆုံးနေ့နံနက်တွင် ဂျင်နီက သူ့အဖေကို တမျှော်မျှော်စောင့်နေသည်။ အတော်ကြာလို့ပေါ်မလာ၍ အဖေ့အိမ်ကို လျှောက်သွားတဲ့ပြီး မီးဖိုပြတင်းက ချောင်းကြည့်လိုက်တော့ လားလား ဆွဲဆီးလ်က ကော်ဖီဖျော်ဖို့ ရေနွေးအိုးကို ခုတ်ငွေ့မီးဖိုတစ်ခုပေါ်တင်၊ ဝက်ပေါင်ခြောက်သုံးလေးလွှာကို ဒယ်ပြားထဲထည့်၊ နောက်ဖိုတစ်ခုပေါ်တင်ပြီး ကြော်လိုက်လို့။ ထို့နောက် စားပွဲလေးတစ်ခုမှာ အကျထိုင်၊ သူ့ရှေ့မှာ ပေါင်မုန့်နဲ့ မာဂျရင်းထောပတ်နဲ့။ ကြွက်ကောင်း လှော်ပူပူလေးလဲပါသေးသည်။ သူက ကြွက်ကောင်းအလွန် ကြိုက်သည်။

သုံးလေးရက်လောက်ကြာတော့ ဈေးဝယ်စရာရှိတာကို ဝယ်ပေးထားလိုက်လျှင် သူ့အဖေသူ့ဘာသာသူ အကုန်လုပ်တတ်ကြောင်းသိလာရသည်။ ကြက်သွန်လွှာလိုက်တာများ သူ့ထက်တောင်ညီသေးသည်။ ပန်းသီးတစ်လုံးကိုစားတော့ မည်ဆိုလျှင် အလုံးလိုက်ကိုလက်နှင့်လျှောက်စမ်းလိုက်၍ ပျော့စိစိနေရာကို

သေချာမှတ်ထားပြီး ဂရုတစိုက်အခွံနွှာကာ မကောင်းသည့် အပိုင်းကိုလှီးထုတ်ပစ်လိုက်သည်။သူ့ရှုပ်အင်္ကျီ စုတ်သွားသော အခါ အရောင်တူအပ်ချည်ရွေးပြီး အပ်ပေါက် ထိုးပေးရန်သာ ဂျဝ်နီကိုခိုင်းသည်။ ချုပ်တာတော့ သူ့ဘာသာ သူချုပ်သည်။

ဂျင်နီတို့အိမ်ကိုတော့မကြာခဏညစာလာ စားတတ် သည်။ ဒါကလည်း သူတို့မိသားစုနှင့်တွေ့ချင်ဆုံချင်တာကသာ ပဓာနဖြစ်သည်။ လူတွေနှင့်နေရလျှင် သူ့မျက်နှာက ဝင်းကြည် နေသည်။ အထူးသဖြင့် သူ့အသည်းစွဲကတော့ သူ့တို့၏သား ကလေးသုံးကောင်ဖြစ်သည်။ ဂျွန်- ၁၀ နှစ်၊ ဂျိမ်း- ၈ နှစ်၊ ဂျိုး- ၅ နှစ်။ ဆဲ့ဆီးလ်က သူတို့ကို ပြောင်းဖူးပေါက်ပေါက် လှော်ပေးသည်။ ကိုယ်ဟန်လက်ဟန်မျက်နှာ ထားပုံးစံ အမျိုးမျိုး နှင့် ငှက်ကြီးတစ်ကောင်၏စွန့်စားခန်းအကြောင်း ပုံပြင်ကိုပြော ပြသည်။ လက်မောင်းကြွက်သား တွေကိုညှစ်ထုတ်ပြသည်။

သူနှင့် ဂျိုးကအဖွဲ့ကျသည်။ မြေးလေးက သူ့အဖိုး ပေါင်ပေါ်တွင် အကြာမေ့ကြီးထိုင်နေတတ်သည်။ ဆဲ့ဆီးလ် သည် သကြားလုံးနှင့် ဒိုးနတ်(ဆီကြော်မုန့်လက်ကောက်ဘီစ ကွတ်)ကို အလွန့်ကိုကြိုက်သည်။ သူ့မြေး လေးဂျိုးကလည်း သူနှင့်ထပ်တူ။ အချိုရည် စုတ်ချင်လျှင် သူ့အဖိုး၏ နှုတ်ခမ်းကို လက်ညှိုးလေးနှင့်လျှောက်ပွတ်သည်။ မနက်စောစောစီးစီး ဒိုးနတ်စားချင်ပလားဆိုလျှင် ဂျိုးက သူ့အဖိုးအိမ်ဆီသို့ပြေးလာ

တဲ့ပြီး သူ့အဖိုးကိုရေခဲသေတ္တာဆီသို့ လက်ဆွဲခေါ်တတ်သည်။ ဒိုးနတ်က ရေခဲသေတ္တာအထက်က စင်ကလေးမှာထားသည်လေ။ အဖိုးကလဲ နားလည်သည်ပေါ့။

မြေးအကြီးတွေက သူတို့သူငယ်ချင်းတွေကို အိမ်သို့ခေါ်လာပြီး အဖိုးနှင့်မိတ်ဆက်ပေးတတ်သည်။ ဂျိမ်းက "ဒိုးနတ်ငါတို့ဖိုးဖိုးပဲ။ မျက်စိလဲမမြင်ဘူး၊ နားလဲမကြားဘူး၊ စကားလဲမပြောတတ်ဘူး။ ဒါပေမယ့် ဘာမဆိုလုပ်တတ်တယ်" ဟု ဝင့်ဝင့်ကြွားကြွားပြောတတ်သည်။

ဘာဆိုလုပ်တတ်တယ် ဆိုသည်ကတော့ ဘယ်မှာ ဟုတ်နိုင်ပါမည်နည်း။ သို့သော် သူတို့မိသားစုတွင်းမှာတော့ သည်လိုပဲပြောရပေတော့မည်။ ဆဲ့ဆီးလ်၏ ခံယူချက်ကတော့ "ကျုပ်ကျန်းမာတယ်၊ သန်စွမ်းတယ်၊ အချိုးကျတယ်။ ကျုပ်က အလုပ်လုပ်ရတာရယ်၊ ကျုပ်မှာရှိနေသမျှလေးတွေရယ်ကို အရသာယူတယ်။ ဒါပါပဲ"

မျက်စိနှစ်ကွင်းကိုဆုံးရှုံးလိုက်ရ၍ စိတ်ဓာတ်ပုန်းပုန်းကျရာမှ ပြန်လည်တက်ကြွလာသောအခါ သူသည်အသက်ရှင်နေဖို့အတွက် သူတတ်နိုင်တာမှန်သမျှဘာမဆိုပေးလိုက်မည်ဟု ဆုံးဖြတ်ထားလိုက်ဟန်ရှိသည်။ အပြန်အလှန်အားဖြင့် လည်း ဘဝကပေးလှာသမျှကို တစ်စမကျန်အကုန်ယူသည်။ တစ်နေ့တာအလုပ်ပြီးနားလိုက်ရသောအခါ အားရသွားမှုတွေ၊ ပြောင်းဖူး

ထွားထွားကြီးတွေကိုလက်နှင့်ပွတ်ရသပ်ရတာတွေ၊ ဂျိုး၏ လက်ချောင်းကလေးက သူ့နှုတ်ခမ်းကိုပွတ်သွားတာကို ခံလိုက်ရတဲ့ အတွေ့လေးတွေ၊ -ါတွေအားလုံးကို အရသာအပြည့်ခံသည်။ 'ဆဲ့ဆီးလ်'က ဘဝတန်ကြေးပေးရကျိုးနပ်သည် ဟုခံယူသည်။

ပြန်ဆိုသူ
အောင်သင်း
၂၁-၆-၂၀၀၂

*

တစ်ခြား ဘာသာပြန်သူတွေကတော့ ဘာသာပြန်လိုက်ရုံသာဖြစ်သည်။ သူတို့ကဘာမျှမပြော။ စည်းစောင့်ကြသည်။ ကျွန်တော်ကတော့ဖြင့် ထိုစည်းကို ကျော်လိုက်ပါတော့မည်။ ခွင့်လွှတ်ပါ။

ယခု ကျွန်တော်ဘာသာပြန်ခဲ့သည်မှာ ဝတ္ထုမဟုတ်ပါ။ ပုံပြင်မဟုတ်ပါ။ တကယ့်လူတစ်ယောက်ဖြစ်ပါသည်။

နပိုလျံလို၊ အလက်ဇန္ဒာသဂရိတ်လို သူတွေကို သူရဲကောင်းကြီးတွေအဖြစ် သမိုင်းမှာအမွှမ်းတင်ကြသည်။ သူတို့တစ်တွေကို ဆဲ့ဆီးလ် လိုမွေးရာပါ အပင်း၊ အအ၊ နောက်တော့ မျက်မမြင်ဒုက္ခိတ ဖြစ်စမ်းစေချင်လိုက်မိသည်။ သူ့လို ဖြစ်လာ

မလား၊ လောကကြီးကိုနာကြည်းသွားမလားဟုလည်း စိတ်ကူးကြည့်လိုက်မိသည်။ စိတ်ကူးကြည့်မိရုံပါ။

"ငါသာ သူလိုဖြစ်ခဲ့ရင် သူလိုလုပ်နိုင်ပါ့မလား၊ သူလိုခံနိုင်ရည်ရှိပါ့မလား" ဟုအထပ်ထပ်စဉ်းစားကြည့်မိပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်မယုံကြည်ဝံ့ရှိုးအမှန်ဖြစ်ပါသည်။ စာဖတ်သူရော-ဘယ်လိုလဲ၊ ကျွန်တော်မေးမိပါပြီ။

စာဖတ်သူနှင့် ကျွန်တော် ဆွေးနွေးပါရစေ။

ကျွန်တော်ကတော့ ဒီဆဲ့ဆီးလ် ဆိုတဲ့ပုဂ္ဂိုလ်မှာ ထူးခြားသည့်အချက်က မေတ္တာနှင့်သတ္တိဟုထင်မိပါသည်။

စာဖတ်သူက ကျွန်တော့်ထက် စိတ်ကူးကောင်းနိုင်ပါသည်။

* * *

## ကျားရဲ့အား

၁၉၅၄ လောက်ကဆိုတော့ နှစ်ပေါင်း ၅၀ လောက်ကြာခဲ့ပြီဟုဆိုနိုင်ပါသည်။

ကျွန်တော်က အလယ်တန်းပြဆရာဘဝ။ တောင်တွင်းကြီး အမျိုးသားပြတိုက်အတွက် စိတ်တူသဘောတူလူငယ်များ စုစုရုံးရုံးလှုပ်ရှားနေချိန်ဖြစ်ပါသည်။ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းပစ္စယ၊ ပေစာပုရပိုဒ်စသည်တို့ကလည်း အတော်ကြီး ကိုစုံလင်စပြုလာသောကြောင့် နိုင်ငံတော်အစိုးရယဉ်ကျေးမှု ဌာနကပင် အသိအမှတ်ပြု လှူရာသွင်းရပြီဖြစ်သည်။

ဒ န် ဒ င် စ ၁ ဆု ဝိ တို က်

ပြတိုက်တည်ရာဌာနက တောင်တွင်းကြီးမြို့ ရွှေအင်းတောင်ဘုရားရင်ပြင်ရှိ တန်ဆောင်းတစ်ခုထဲတွင်ဖြစ်သည်။ ကျွန်တော်တို့လူစုသည် အားအားရှိလျှင် ထိုပြတိုက်တွင်စုဝေးပြီး ရေနွေးကြမ်းသောက်ကြရင်းရောက်တတ်ရာရာပြောဆိုနေလေ့ရှိကြသည်။ ကျွန်တော်တို့ကို "ပြတိုက်အုပ်စု" ဟုခေါ်စမှတ်ပြုကြသည်။

ပြတိုက်ပြုလုပ်ထားသည့် တန်ဆောင်းကအတော်လေးအိုမင်းနေပါပြီ။ တစ်နေ့တွင်တော့ လေပြင်း မိုးထန်သောကြောင့် တန်ဆောင်းထိပ်ပေါ်ရှိ အုတ်ပြာသာဒ်ကလေးတစ်ခုမှာယိုင်လဲသွားသည်။ အောက်သို့လည်းပြုတ်မကျ။ တဲတဲ လေးဖြစ်နေသည်။ တဲတဲလေးဆိုသော်လည်း ခိုင်သင့်သလောက်ခိုင်နေသေးသောကြောင့် အောက်က ဝါးလုံးတွေဘာတွေ နှင့် ထိုးချတော့လည်းမရ။ သူကျချင်သည့်အချိန်ကျလာလိုက်လျှင်လည်း အောက်မှာ လူတစ်ယောက်ယောက်ရှိနေက အန္တရာယ်မသေးလှသည်တော့ တစ်ယောက်ယောက်က ခေါင်မိုးပေါ်တက်ပြီး တွန်းနှဲ့ချရတော့မည်။ နောက်ဆုံးတော့ ကျွန်တော်ပဲတက်ပြီး တွန်းနှဲ့ချရတော့မည်။ အဖွဲ့ဥက္ကဋ္ဌ ဆရာဦးဘရွှေက စိုးရိမ်သည်။ လူငှားလိုက်ပါဟုပင် ပြောရှာသေးသည်။

ကျွန်တော်အမိုးပေါ်ရောက်တော့ အောက်ကဝိုင်းကြည့်ပြီးနေကြသည်။ ကျွန်တော်က ခြေနှင့်ကန်ပြီး နှဲ့နေသည်။ လူပါ

ရောက်မသွားအောင်လည်း သတိထားနေရသည်ပေါ့။ နောက်ဆုံးအုတ်ပြာသာဒ်ပြုတ်ကျတော့မည့် အခြေသို့ရောက် လာပြီယူသွားသော ဝါးလုံးနှင့်ခပ်ပြင်းပြင်းထိုးလိုက်လျှင် ကျတော့မည်။ ထိုအခိုက်တွင်-

*"အမယ်လေး-ကိုအောင်သင်းရယ်၊ ရှင်ရှိပေလို့သာ၊ ရှင်သာမရှိရင် ကျွန်မတို့ဘာလုပ်ရမှန်းသိမှာ မဟုတ်ဘူး"*

ဟူသောအသံကိုကြားလိုက်ရပါသည်။ စာဖတ်သူကတော့ မိန်းကလေးတစ်ယောက်က လှမ်းပြောလိုက်သည်ဟု ထင်ပါလိမ့်မည်။ မဟုတ်ပါခင်ဗျား။ ကျွန်တော့်ဆောင်းပါး "ကန့်ကူလက်လှည့်" ထဲကဇာတ်လိုက် ဦးဉာဏ်စိန် ဖြစ်ပါသည်။

"ဘာလုပ်တာလဲဗျ ကိုဉာဏ်စိန်ရ" ဟုကျွန်တော်ကရယ်ပြီးမေးလိုက်တော့-

"ခင်ဗျား အားတက်အောင်လို့ အားပေးတာလေ။ ယောက်ျားဆိုတာ မိန်းကလေးကအားပေးလိုက်ရင် အားတက်ပြီး 'မောဒေးဘူး ညီမလေးရ' ဆိုတာမျိုးဖြစ်တတ်တယ်မဟုတ်လား"

အားလုံး ဝိုင်းပြီးရယ်ကြပါသည်။

နှစ်ပေါင်း ၅၀ လောက်ကြာခဲ့ပြီးသော်လည်း ကျွန်တော် မကြာခဏ သတိရသည်။

မကြာခဏသတိရမိတာလေး နောက်တစ်ခုကိုပြောလိုက်ရဦးမည်။

**ဒ န် မှ င် စ ာ အု ပ် တို က်**

ဒီအဖြစ်ကတော့ ခပ်ငယ်ငယ်က စာတစ်အုပ်တွင် ဖတ်ခဲ့ရဖူးတာလေး ဖြစ်ပါသည်။

ပြင်သစ်ပြည်တွင် နပိုလီယန် ဘုန်းမီးနေလတောက်ပပြီး စစ်ပွဲကြီးတွေဆင်နွှဲနေစဉ်ကာလ ရှေ့တန်းစစ်မျက်နှာက ခြေလျင် တပ်စုလေးတစ်စု ဒယီးဒယိုင်ဆုတ်ခွာလာခဲ့ရသည်။ နေ့ရောညပါ မနားတမ်းတိုက်ပွဲဆင်လာရသောကြောင့် စစ်သည် ရဲဘော်များမှာ ကိုယ်ကိုပင်မဟန်နိုင်အောင် ဖြစ်နေချေပြီ။ တပ်စုမှူးဗိုလ်ကလေးမှာ စစ်သည်ကလေးများကို သနားလှသော်လည်း အရေးပါသောသတင်းတစ်ရပ်ကို နောက်တန်းတပ်ရင်းသို့ အစီရင်ခံရဦးမည်။ ညာနေလို့မဖြစ်။ နေလုံးကျ၍ မှောင်ရီပျိုးလာပြီ။

ထိုအခိုက်တွင်ပင် မလှမ်းမကမ်းရှိ ချုံတစ်ခုထဲက ညည်းသံလိုလိုကြားရသည်။ စစ်ဗိုလ်ကလေးကားကိုအသင့် ထုတ်ပြီး သွားကြည့်လိုက်တော့ အားပြတ်ပြီးလဲနေသော မိန်းကလေး တစ်ယောက်ဖြစ်နေသည်။ တိုက်ပွဲဖြစ်ရာဒေသတွေက ပြေးရင်း ရှောင်ရင်း အားပြတ်သွားဟန်တူသည်။ ကိုယ့်အမျိုးသမီးလေး တစ်ယောက် ဤသို့ဖြစ်နေသည်ကို ထားပစ်ခဲ့၍ မသင့်တော့ပြီ။ မှောင်လည်းမှောင်လာပြီ။ ထို့ကြောင့် ထမ်းစင်တစ်ခုလုပ်ပြီး ရဲဘော်လေးတွေ တစ်လှည့်စီ ထမ်းလာရသည်။ ဤသို့ဖြင့် နောက်တန်းစခန်းသို့ ပြန်ရောက်လာကြသည်။ ဒယီးဒယိုင်

မဟာန်နိုင်ဖြစ်နေသော ရဲဘော်များသည် လူပိုတစ်ယောက်ကို ပင်ထမ်းပြီး သယ်လာလိုက်ကြသေးသည်။ ကိုညဏ်စိန် ပြောသလို အားတက်သွားကြသည်ပေါ့။

နောက်မှ သိလာရသည်က စစ်ဗိုလ်လေးကရဲဘော်တစ်ယောက်ကို မိန်းကလေးလိုဝတ်ဆင်ပြီး ပရိယာယ်လုပ်လိုက်ခြင်းဖြစ်သည်။ အတုမင်လျှင်အစွမ်းထက်လှပါပေသည်။ (နောက်ပိုင်းမှာတော့ဖြင့် ထမ်းစင်ထဲမှာ ငြိမ့်ပြီးလိုက်လာသော ရဲဘော်ကို ဝိုင်းဆဲကြလိမ့်မည်ထင်သည်။

❋ ❋ ❋

ဠ နိ ဠ ငံ စ ၁ ဆု ဝိ တို က်